


mgyoe.com



အချစ်ရဲ့ မျက်နှာကို
ငါမမြင်ခဲ့ဖူး..

ငြိမ်းကျော်

ISBN 9789997115027
FIC132
9 789997 115027
3,500.00KS

mgyoe.com

အချစ်ဆိုးမျက်နှာကိုရှာဖွေ၍တွေ့ခဲ့ပြီ၊ ငြိမ်းကျော်
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၂၇၃ မျက်နှာ၊ ၁၄ · ၅ စင်တီ × ၂၀ · ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းညီ၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မေလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၈၂ ဆောင်းသဇင်စာပေ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၃၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အချစ်၏မျက်နှာကို ရှာဖွေ၍တွေ့ခဲ့ပြီ

ငြိမ်းကျော်

ဒုတိယအကြိမ်၊ ၂၀၁၄

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## [၁]

ဖိုင်တွဲတွေကို သူ့ထံသို့ လှမ်းပေးရင်း သမီးငယ်မှာတဲ့ သကြားလုံး မောင်ဝယ်ခဲ့ဖို့ မမေ့နဲ့ဦးဟု ချိုနှင်းရည် ပြောသည်။ သူ ခေါင်းညိတ်လိုက်သည်။ သူ့ လက်ထောက်အရာရှိ ကိုစံတင်က ရုံးရောက်ရောက်ချင်း ဒေါက်တာမြင့်သိန်းဇော်ဆီကို ကျွန်တော်ဖုန်းဆက်ပေးပါ့မယ် မမနှင်း။ ဆရာ့ကိုလည်း သတိပေးပါမယ်ဟု ပြုံးရယ်၍ပြောသည်။ ချိုနှင်းရည် ပြုံးသည်။

အဲသလို သတိပေးမှ ကိုစံတင်တို့ဆရာက ရုံးကိစ္စကလွဲရင် ဘာမှသတိမရပါဘူးဟု သူ့ကိုကြည့်ကာ ပြော၏။ သူ ရယ်နေသည်။ သမီးငယ်အတွက် ဆေးသွားယူဖို့ မမေ့ပါဘူးကွာဟု ရယ်ကျဲကျဲ ပြော၏။ ကိုစံတင်က ကားတံခါးဖွင့်ပြီး ဝင်သည်။ စက်နှိုးလိုက်တော့မှ ကားပေါ်သို့ သူတက်၏။ ချိုနှင်းရည်၏မျက်နှာတွင် အပြုံးမရှိ။ မနေ့ညနေက ရုပ်ရှင်လိုက်ပြရန် ပျက်ကွက်ခဲ့၍ စိတ်ကောက်မပြေဖြစ်နေမှန်းသိ၏။

ဌာနအစည်းအဝေးသည် ရှစ်နာရီထိုးခါနီးမှ ပြီးကြောင်း၊ ပြီးပြီးချင်း အိမ်သို့ဖုန်းဆက်ပြီး ပြောခဲ့သည်။ ချိုနှင်းရည် စိတ်အနှောင့်အယှက်ဖြစ်မည်ကို သိသည်။ ချော့သော်လည်း စိတ်မပြေ။ စိတ်မပြေထိုက်ဟုလည်း ကိုယ်ချင်းစာ၍ သိခဲ့သည်။

ခြံဝသို့ ကားဦးအလှန့်တွင်...

mgyoe.com

mgyoe.com
"မမနှင်း စိတ်ဆိုးနေတယ်နဲ့တူတယ်"

ဂျပန်ပြည်ဖြစ် ဂျစ်ကားစက်ဖုံးပေါ် ရှိတင်နေခဲ့သော ရွက်ခြောက်တွေ လွင့်သွားသည်ကို လှမ်းကြည့်ရင်း သူပြုံး၏။

"ဒါပေါ့ ကိုစံတင်။ စိတ်ဆိုးတာ နည်းတောင်နည်းမယ် ထင်တယ်"

ကိုစံတင်က လမ်းပေါ်သို့ရောက်သောအခါ လက်ယာဘက်သို့ ကွေ့ပြီး အရှိန်တင်လိုက်၏။ ထို့နောက်...

"ကျွန်တော်တို့ မိန်းမတွေကို သနားလည်း သနား၊ ကျေးဇူးလည်း တင်ရတယ်။ တစ်နယ်ပြီးတစ်နယ်ပြောင်း၊ အတူလိုက်နေနိုင်လို့ လိုက်နေတဲ့ အခါကျတော့လည်း အေးအေးဆေးဆေး နေရတယ်ကို မရှိဘူး။ ပွဲလမ်းသဘင်ဝေးလို့... ဘုရားသွား ကျောင်းတက်ဆိုတာတောင် ဘာမှန်းမသိဘူး ဖြစ်နေပြီ။ ဘဝကို ဌာနအတွက် အကြွင်းမဲ့ လှူထားရသလိုပါပဲ"

သူ ခေါင်းညိတ်လိုက်၏။ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီးနောက်...

"ကုန်သည်ပွဲစားတွေထဲက ပြောကြတယ်။ အစိုးရအမှုထမ်းဆိုတာ မနက်ရုံးတက် ညနေရုံးဆင်း၊ နှစ်တိုးလည်းရ၊ ရာထူးတိုး၊ ကားတွေ၊ အိမ်တွေ၊ ဖုန်းတွေ ဘာတွေလည်းရ။ တစ်နေ့တစ်နေ့ ဘာအလုပ်မှ မည်မည်ရရ လုပ်ရတာ မဟုတ်ပါဘူးတဲ့။ အရချောင်တယ်ဆိုတဲ့ သဘောနဲ့ ပြောတတ်ကြတာ။ ရယ်စရာကြီး"

"ဟိုနယ် ဒီနယ် ခဏခဏပြောင်းရတဲ့ဒုက္ခ၊ ပတ်ဝန်းကျင်အသစ်မှာ ဝင်ဆံ့အောင် ကြိုးစားရတဲ့ဒုက္ခ၊ လုပ်ဖော်ကိုင်ဖက် အသစ်တွေနဲ့ အဆင်ပြေအောင် ကြိုးစားရတဲ့ဒုက္ခ၊ နည်းတာမှ မဟုတ်ဘဲ ဆရာ"

"သားမယားနဲ့ တကွဲတပြား ဒုက္ခကရော ကိုစံတင်"

ကိုစံတင်၏ မိသားစုသည် ညောင်လေးပင်တွင် ကျန်ရစ်ခဲ့သည်။ မိသားစု ရှိရာသို့ ခြောက်လတစ်ကြိမ် အရောက်သွားနိုင်ခြင်း မရှိခဲ့။ သူ့ကို လှည့်ကြည့်ပြီး တစ်ချက်ပြုံးသည်။ ရှေ့လ ကလေးတွေ စာမေးပွဲပြီးရင်တော့ ဒီမှာပဲ ခေါ်ထားတော့မယ် ဟု ပြောပြီး ကားကိုဆက်၍မောင်းနေ၏။

"ဒီရောက်လာတော့မှ နှုတ်ခမ်းစူတာ ခဏခဏခံရအောင်လား..."

ကိုစံတင် ရယ်သည်။

"သိပ်ဟုတ်တာပေါ့ဆရာ"

"ကျွန်တော့် ကြည့်ပါလား။ နှင်းကဒီမှာ စိမ့်ကိန်း တော်တော်ကြာမယ်ဆိုလို့

mgyoe.com

mgyoe.com


ကလေးတွေပါခေါ်ပြီး လာနေတယ်။ အစည်းအဝေးနဲ့ အချိန်ပို အလုပ်ခွင်တွေကြောင့် တစ်အိမ်တည်းနေပြီး တစ်နယ်ခြား နေသလိုပဲတဲ့။ ခနဲ့တာလေ"

ကိုစံတင် ခေါင်းညိတ်သည်။

"ကျွန်တော်တို့က တစ်ခုကကောင်းတယ် ဆရာ။ .တချို့ဌာနတွေဆိုရင် ကျွန်တော်တို့လောက် အလုပ်မများလှဘူး။ အဲဒီအထဲမှာ အလုပ်သိပ်လုပ်တဲ့သူကို အလုပ်မလုပ်တဲ့သူက မျက်မုန်းကျိုးတာမျိုး ဒီမှာမရှိဘူး ဆရာ"

"အားလုံးက ကျင့်သားရနေကြတာလည်း ပါပါတယ်။ စိတ်ဓာတ်ကလည်း မတူဘူးလေ။ လူနဲ့တာဝန်နဲ့ မမျှအောင်ပိနေလို့ ညည်းတာက ညည်းတာတခြား။ အလုပ်ပျက်မှမပျက်ကြတာ"

သစ်ပင်ထူထပ်သော တောင်ကုန်းဆီသို့ ရောက်လာသည်။ အတက်လမ်းဖြစ်သောကြောင့် စက်ရှိန်မြင့်သံ ပို၍မြည်လာ၏။ ဘယ်ဘက်ရှိ ချောက်သည် နှစ်ရပ်စာမျှ နက်စပြုလာ၏။ ကားပြတင်းမှ ဝင်လာသော နွေဦးလေသည် တောတောင်အငွေ့ကြောင့် အေးအေးမြမြ ရှိလေ၏။

ဝါးတစ်ရိုက်မကသောအမြင့်သို့ ရောက်သောအခါ ယူကလစ်ရွက်ရနံ့ကို သဲ့သဲ့ရလေသည်။ မြင့်မားသော သစ်ပင်ကြီးတွေမင်းမူရာ တောင်တန်းတွေ၊ လျှိုတွေကို လှမ်း၍မြင်ရသည်။ အစိမ်းရင့်ရောင် သစ်တောဝန်းကျင်တွင် မြူတွေဆိုင်းနေသည်။ မြင်ဖန်များသော ရှုခင်းတွေဖြစ်နေသော်လည်း အသစ်ဟု ခံစားရသည်။

ထိုစဉ် ရေညှိရောင် တိုက်ပုံရင်ဖုံးနေရာတွင် နှင်းဆွတ်ပေးခဲ့သော ရေမွှေးနံ့သည် ပြတင်းလေကြောင့် နှာဝတွင် ဝေ့နေ၏။

"အစည်းအဝေးက ဘယ်နှနာရီလောက် ပြီးမယ်ထင်လဲ ဆရာ"

အဖြူရောင်စက်ဖုံးပေါ်တွင် ပြေးဝင်ထင်လာသော သစ်ပင်ရိပ်များကို ကြည့်နေရာမှ...

"ဆယ့်နှစ်နာရီလောက် ပြီးမယ်ထင်တယ်။ ဘာဖြစ်လို့လဲ ကိုစံတင်"

အဆင်းသို့ရောက်၍ ဂီယာဖြင့် ထိန်းကာ မောင်းရင်း...

"ဒေါက်တာမြင့်သိန်းဇော်ဆီက ဆေးပုလင်းသွားယူဖို့ပါ"

"အပြန်မှဖြစ်ဖြစ် ဝင်ယူလည်း ရပါတယ်။ သမီးငယ် ဝမ်းပျက်တာ နေတော်တော်ကောင်းနေပါပြီ။ လိုရမည်ရ ဆောင်ထားဖို့အတွက်ပဲ"

ဪ... ဟု ကိုစံတင် အသံပြု၏။

mgyoe.com

"ဆရာ့သူငယ်ချင်း ဒေါက်တာမြင့်သိန်းဇော်က ဒီနယ်မှာတော့ တစ်အားပဲ၊ အားလုံးက သူ့ကိုပဲ အားကိုးနေရတာ။ ခွဲတဲ့စိတ်တဲ့ နေရာမှာတော့ လက်ဖျားခါလောက်တယ်။ စေတနာရော၊ ဆက်ဆံရေးရော၊ ကျွမ်းကျင်တာရော အကုန်ကောင်းနေတော့ မသိသူမရှိ၊ မခင်သူမရှိ။ သူ့အိုလို့ အငြိမ်းစားယူရင် ဒီတစ်နယ်လုံးက ကျေးမွေးထားပြီးသားပဲ။ အဲသလောက် ချစ်ကြ ခင်ကြတာ..."

သူ အင်းလိုက်လိုက်သည်။

"သူ့စိတ်က ငယ်ငယ်တုန်းကတည်းက ဒီအတိုင်းပဲ။ ပျော်ပျော်နေတတ်တယ်။ သူ့ကြည့်ရင်ဘယ်တော့မှ စိတ်ညစ်တာ မတွေ့ရဘူး။ ဆေးကျောင်းတက်နေတုန်းက တော်တော် ရုန်းရကန်ရတာ။ အဲဒီတုန်းကလည်း ခုလို ပျော်ပျော်ပဲ"

"စာ တော်တော်ဖတ်တယ်နော်"

"သူက သူ့ပညာရပ်နဲ့ဆိုင်တဲ့ စာတင်မကဘူး။ မဂ္ဂဇင်းတွေ၊ ဝတ္ထုတွေ၊ ကဗျာတွေရော၊ နိုင်ငံရေးစာအုပ်တွေရော ဖတ်တာ။ ကျွန်တော်က သူ့ အပုံတစ်ရာပုံ တစ်ပုံတောင် မဖတ်ဖြစ်ဘူး"

"စန္ဒရားအတီးလည်း တော်တယ်။ သူ့မိတ်ဆွေ စိုင်းသာဦးတို့ အိမ်မှာ စန္ဒရားတီးတာ တစ်ခါ နားထောင်ဖူးတယ်။ နားထောင်ကောင်းတယ် ဆရာ"

သူ ခေါင်းညိတ်သည်။

"အနုပညာသမား ဆရာဝန်ပဲ"

"သူ လူပျိုကြီးဖြစ်နေတာကို ကျွန်တော် ပိုပြီး စိတ်ဝင်စားတယ်..."

ကိုစံတင်သည် ပြောရင်းပြုံးသည်။ ဒေါက်တာမြင့်သိန်းဇော်အကြောင်း တစ်စွန်းတစ်စ သူပြောပြခဲ့ဖူးသည်။ ဆေးကျောင်းသားဘဝက အချစ်ရေးကိစ္စ။ လမ်းမတော် ပွဲရုံတစ်ရုံမှ အမျိုးသမီး။ မယ်ဘွဲ့ရသူ။ ရန်ကင်းကောလိပ်သူ။ ခင်ခင်ထားဟု အမည်တွင်သော ထိုအမျိုးသမီးကို မြင့်သိန်းဇော်သည် စွဲလမ်းခြင်းကြီးစွာဖြင့် ချစ်ခဲ့သည်။ ခင်ခင်ထားကို ပါတီမတက်ပါရန်၊ ပွဲသဘင်မှ ရှောင်ပါရန်၊ ဆိုရှယ်မကျပါရန် မြင့်သိန်းဇော် တိုးလျှိုးတောင်းပန်ခဲ့သည်။

လယ်သမား ချောင်းသမား၏ သား၊ ဆရာဝန်လောင်းမျှသော သူ၏ စကားတို့သည် အရာမထင်ခဲ့။ အလုပ်သင် ဆရာဝန်ဖြစ်သည့်နှစ်တွင် မြင့်သိန်းဇော်ကို စွန့်ပစ်ခဲ့သည်။ ရင်ကွဲနာကို အံကြိတ်ပြီး ခံစားခဲ့သည်။ အစိုးရတာဝန် ပထမဆုံး ထမ်းဆောင်ရသော နောက်နှစ်တွင် ရခိုင်ပြည်နယ် ဆေးရုံသို့သွားကာ တာဝန်ထမ်းဆောင်သည်။

mgyoe.com


ရန်ကုန်နှင့်အဝေးသို့ တမင်ရွေးခဲ့သည်။

ထိုနောက် နေရာပေါင်းများစွာ ရွေ့ပြောင်းလာခဲ့သည်။ အိမ်ထောင်မပြုတော့။ ယခုသော် သုံးဆယ့်သုံးလေးနှစ်ပင် အရွယ်ရှိပြီ။ အိမ်ထောင်ရေးစကား မပဟာတော့။

"အချစ်ရေး...၊ အိမ်ထောင်ရေးကို စိတ်ကုန်သွားပုံပဲ ကိုစံတင်"

"သူ့ကို လိုချင်တဲ့သူတွေ ဒီနယ်မှာ အများကြီးပဲ ဆရာ"

"လူက အသားညိုပေမဲ့ မျက်နှာကျ မသွယ့်တသွယ်၊ မျက်ခုံး ကောင်းကောင်း၊ ပြီးတော့... စကားပြောတိုင်း တစ်ချက်တစ်ချက် ပင့်တဲ့ မျက်ခုံး၊ မထူမပါးတဲ့ နှုတ်ခမ်းနဲ့။ ဇာတ်လိုက်ပဲ။ ဝတ်ရင် အရောင်နုနု။ ကျွန်တော့်ထက် နှစ်နှစ်ကျော် သုံးနှစ်လောက် ကြီးပေမဲ့ သူကနုနေတယ်။ ကိုစံတင်ထက်တောင် ငယ်မယ်ထင်ရတယ်။ ကိုစံတင် အသက်ဘယ်လောက်"

"နှစ်ဆယ့်ခွန်ပြည့်ဖို့ လပိုင်းပဲ လိုတော့တယ် ဆရာ"

"အဲသလောက်လို့တောင် မြင့်သိန်းဇော်ကို မထင်ရဘူး"

ကိုစံတင်က ဟုတ်တယ်ဆရာဟု ပြောကာ ဟွန်းတစ်ချက် တီးသည်။ တောင်ပတ်။ အတက်။ ကွေ့။ တစ်ဖက်မှ ကားလာလျှင် သိရအောင် အချက်ပေးသည်။ ဟွန်းသံသည် ပဲတင်သံပြန်လာ၏။

"ကိုစံတင်က သားသမီး နှစ်ယောက်နော်"

"ဟုတ်တယ် ဆရာ။ အကြီးက သား၊ ငါးနှစ်။ သမီးက သုံးနှစ်။ ကျွန်တော် လက်ထပ်တော့ အသက် နှစ်ဆယ့်နှစ်နှစ်။ အမျိုးသမီးက လေးနှစ် ငယ်တယ်"

လေတိုးသဖြင့် ဖိုင်တွဲထဲမှ စာရွက်တွေ မလွင့်အောင် လက်ဖြင့်ဖိရင်း သူ ပြောသည်။

"ကျွန်တော် အိမ်ထောင်ပြုတုန်းကလည်း အသက်နှစ်ဆယ့်နှစ်နှစ်မှာပဲ။ အိမ်စောင့်အစိုးရတက်တဲ့နှစ်မှာ သမီးအကြီးမကို မွေးတာပဲ"

"သမီးငယ်နဲ့ တော်တော်ခြားတယ်နော်..."

"ငါးနှစ်ကျော်ခြားတယ် ကိုစံတင်"

"သမီးငယ်က မူကြို။ အစ်မကြီးက ငါးတန်းဆိုတော့ သမီးငယ်မှာ ကစားဖော် ပြဿနာ တက်လာတာပေါ့"

သူပြုံးကာ...

"သမီးကြီးက သူ့ညီမလေးနဲ့ ကစားပေးဖော်ရတယ်။ ငါးတန်းဆိုတော့

mgyoe.com

ကျောင်းစာက တာဝန်မသေးတဲ့ကြားက ကစားပေးတယ်ဗျ"

ကိုစံတင်က ရယ်မောရင်း ဘယ်ဆိုးလို့တုံး။ သူ့ညီမလေးကို ချစ်တာပဲဟု ပြော၏။ ကားအကွေ့တွင် လက်ကိုင်ကို သူလှမ်းကိုင်သည်။

တောင်ခေါင်းတုံးပေါ်ရှိ ဟော်ပျက်အဆောက်အအုံကို လွန်လာသည်။

❑

mgyoe.com

mgyoe.com

# ၂

ကျောင်းဒါယကာ ဦးခွန်သာ၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။ မောကြီးပန်းကြီးမျက်နှာ။ အသက်ရှူ မြန်နေ၏။ ကုလားထိုင်တွင် မထိုင်သေး။ စကားလုံးမသဲကွဲမည်စိုး၍ အမောဖြေနေပုံရ၏။ ဖြူသောမျက်နှာမှာ နီနေ၏။ ဦးခွန်သာ၏မျက်လုံးအစုံတွင် စိုးရိမ်စိတ်တွေ၊ အားနာစိတ်တွေ ဖုံးနေမှန်း သူသိ၏။

"ပြောပါ ဦးခွန်သာ"

အရေးကြီးတာ ပြောစရာရှိလို့ပါဆရာ... ဟူသော စကားနောက်တွင် ခဏတာ အသံရပ်နေခဲ့သည်။

"ဒေါ်ချို့နှင်းရည် အိမ်မှာရှိသလား ဆရာ"

အမေးဆန်းသည်။ ဘာဖြစ်လို့ပါလိမ့်ဟု စိုးရိမ်လာသည်။ ဦးခွန်သာ၏ နဖူးကျယ်သည် တစ်ချက် တွန့်တက်သွားသည်။ မျက်နှာသုတ်ပဝါကို ပေါင်းထားရာမှ ဖြုတ်ပြီး မျက်နှာချွေးစေးတွေကို သုတ်သည်။ မျက်နှာသုတ်ပဝါကို ပခုံးပေါ်တွင်တင်ပြီး ကုလားထိုင် နောက်မှီကို လက်ထောက်သည်။ အရပ်မြင့်သောကြောင့် ခါးခပ်ကိုင်းကိုင်း ဖြစ်သွား၏။

"ရှိပါလိမ့်မယ်"

mgyoe.com

mgyoe.com

"ဖုန်းဆက်ကြည့်ပါလား"

"ဘာဖြစ်လို့လဲ ဦးခွန်သာ"

"ကျွန်တော် သိချင်လို့ပါ ဦးမင်းလှိုင်"

နားမလည်နိုင်။ သို့သော် ဦးခွန်သာသည် အလုပ်ပိုလုပ်တတ် ပြောတတ်သော သူမဟုတ်။ အကြောင်းမဲ့စကားမျိုး ပြောလေ့ရှိသူမဟုတ်။ တစ်စုံတစ်ရာကို သေသေချာချာ မသိလျှင် မပြောတတ်သောသူ။ ဦးခွန်သာကို လှမ်းကြည့်၏။ မျက်နှာထား ချိုသော သူ၏ပင်ကိုလက္ခဏာတွေ ပျောက်နေ၏။ အပြုံးအရယ်မရှိ။ သူ ခေါင်းညိတ်ကာ ဖုန်းကိုမလိုက်၏။ လက်လှည့်ကို သုံးလေးပတ်လှည့်သည်။ တယ်လီဖုန်းဌာနမှ အမိန့်ရှိပါဟူသော အသံကြားရ၏။ လိုင်းခွဲနံပါတ် ပြောလိုက်သည်။ အတော်စောင့်ရသည်။

ဦးခွန်သာသည် ပင်ဖြူဖျင်ကြမ်း အင်္ကျီလက်ကို ခေါက်ရင်း ကုလားထိုင်တွင် ထိုင်သည်။ ထူးသံကြားရသည်။ ဒေါ်နန်း၏ အသံ။ ဒေါ်နန်း... နှင်းနဲ့စကားပြောချင်... ပြောချင်လို့ဟု သူပြော၏။ အပြင်သွားပါတယ် ဆရာဟု ဒေါ်နန်းဖြေ၏။ ဦးမြင့်မောင် လိုက်ပို့လားဟု သူမေး၏။ ဆရာကတော်က သူ့ဘာသာသူ မောင်းမယ်ဆိုပြီး ကားယူသွားပါတယ်။ ကျွန်မ ယောကျ်ား ပန်းပင်တွေ၊ သစ်ပင်တွေ ရေလောင်းနေပါတယ်။ ခေါ်ပေးရမလားဆရာဟု ဒေါ်နန်းမေး၏။ နေပစေ။ နှင်း ဘယ်အချိန်က ထွက်သွားလဲဟု မေး၏။ ဒေါ်နန်းဆီမှ အဖြေမရမီ ဦးခွန်သာကို သူ လှမ်းကြည့်၏။ နှုတ်ခမ်းစေ့စေ့ထားသည်။ သူ့ကို ကြည့်နေသော မျက်နှာက ပို၍ နီရဲလာသည်ဟုထင်၏။ ကိုးနာရီခွဲလောက်ကပဲ ဆရာဟု ဒေါ်နန်းဖြေ၏။

အခန်းနံရံရှိ တိုင်ကပ်နာရီကို လှမ်းကြည့်သည်။ မွန်းလွဲတစ်နာရီ ထိုးပြီးပေပြီ။ ဒါပါပဲ ဒေါ်နန်းဟု ပြောပြီး ဖုန်းကို ချလိုက်ချိန်တွင်...

"အိမ်မှာမရှိဘူးဆိုရင် သေချာပါတယ်၊ ဆရာ ကျွန်တော်နဲ့ လိုက်ခဲ့ပါ"

ထိတ်ခနဲ ဖြစ်သွား၏။

"ဘယ်ကိုလဲ ဦးခွန်သာ"

မျက်တောင် တစ်ချက် နှစ်ချက်ခတ်ပြီးမှ...

"ဟော်ပျက်ကုန်းပေါ်ကို"

"ကျွန်တော့်ကို ပြောပါ ဦးခွန်သာ"

အံတစ်ချက်ကြိတ်သည်။ ထို့နောက်...

mgyoe.com

mgyoe.com


"ဒေါ်ချိုနှင်းရည် ဟော်ပျက်ကုန်းပေါ်မှာ လဲနေတယ် ဆရာ"

ဗျာဟူသော အသံသည် ပေနှစ်ဆယ်ပတ်လည် ရုံးခန်းထဲတွင် ဟိန်းသွားသည်လား အောက်မေ့ရ၏။ သူ့ကိုယ်သည် လှုပ်သွား၏။

"ပျော်ပွဲစားထွက်တာလို့ ထင်ရတယ်။ ဓာတ်ဘူးရယ်၊ အစားအသောက်တွေရယ်၊ ထမင်းချိုင့်ရယ် အနားမှာ ရှိတယ်"

သူ ကုလားထိုင်ကို ဝုန်းခနဲဖယ်ကာ အခန်းအပြင်ထွက်ရန် ခြေပြင်၏။ ဦးခွန်သာ၏ ပြည့်ဖြိုးသော ခန္ဓာကိုယ်သည် သူ့ထက်ပင် ဖျတ်လတ်နေ၏။ စကားပြောကြသော သုံးလေးမိနစ်အချိန်တွေ ကုန်သွားရ၍ စိုးရိမ်ပူပန်စိတ်က အဆကဲလာ၏။ ကားသော့ကို စားပွဲပေါ်မှ လှမ်းယူပြီး သွားရအောင်ဟု ပြော၏။ သူ့အသံတွေ ချောက်ချား၇၇တုန်လှုပ်နေ၏။

ကားပေါ်သို့ တက်ခါနီးတွင် ဦးခွန်သာသည် ပခုံးချင်းထိအောင် ကပ်ပြီး တိုးတိုး ပြော၏။

"သူ့အနားမှာလည်း လူတစ်ယောက်ပါ လဲနေတယ်"

ရင်ထဲတွင် ငရဲမီးပွက်ပွက်ထသကဲ့သို့ ခံစားရ၏။

❑

mgyoe.com

mgyoe.com

# [၃]

တစ်ပေပတ်လည် မှန်ထူ ပြတင်းအနီးတွင် မျက်နှာကပ်လိုက်သည်။ ဝတ်စုံဖြူ အစိတ်အပိုင်းမျှကိုသာ မြင်နေရာမှ ခွဲစိတ်ခန်းတစ်ခန်းလုံးနီးပါး မြင်ရသည်။ မျက်နှာကြက်တွင်တပ်ဆင်ထားသော ခွဲစိတ်မီး။ စိမ်းလဲ့လဲ့ ဖန်ပြားဝိုင်းတွေကို ငုံထားသော မီးမောင်းစု။ အပြာနုရောင် မီးမောင်းစု၏ လက်တံသည် ဆရာဝန်တွေ၊ ဆရာမတွေ၊ သူနာပြုတွေ၊ အမှုထမ်းတွေ၏ ခေါင်းလွတ်ရုံသာသာ။ ခြေရင်းဘက်မှ မီးမောင်းစုသည် ခုတင်ခေါင်းရင်းရှိ ကိရိယာတွေပေါ်သို့ အလင်းစွေကာ ကျနေ၏။ အောက်ဆီဂျင်တွေ မေ့ဆေးတွေပေးရာ ကိရိယာ။

မေ့ဆေးပါရဂူသည် လူနာ၏ ခေါင်းရင်းဘက်တွင် လှုပ်ရှားနေသော သဏ္ဌာန်တွေကိုကြည့်ရင်း အံတစ်ချက်ကြိတ်လိုက်သည်။ ဒေါက်တာ မြင့်သိန်းဇော်၏ လက်ယာဘက်ကိုယ်ကို လှမ်းမြင်နေရသည်။ မျက်တောင်မခတ်။ သူနာပြုဆရာမ၏ လက်ထဲတွင် သွေးတွေပေနေသော အဝတ်စတွေ တွေ့လိုက်သည်။ မေ့ဆေးဆရာဝန်၏ လက်သည် ရော်ဘာပူဖောင်းကို မှန်မှန်ညှစ်နေ၏။ လက်ထောက်ဆရာဝန်သည် ဒေါက်တာမြင့်သိန်းဇော်၏ လက်ထဲသို့ ခွဲစိတ်ဓား၊ ညှပ်ကတ်ကြေးတွေ အသင့်ပေး နေ၏။

mgyoe.com

mgyoe.com


လူနာ၏ ခြေရင်းရှိ ကိရိယာတင်ခုံပေါ်မှ အဝတ်ဖြူတွင် သွေးတစ်စ နှစ်စမက စွန်းနေ၏။ သွေးကြောပိတ် လျှပ်စစ်ဂဟေတို့လိုက်တိုင်း မီးနီရောင်သည် မီးမောင်းစု လက်တံ၏ ခရိုမီယံရောင် သံမဏိတွင် ရောင်ပြန်လှမ်းဟပ်၏။

"သူ့နာမည်က ကိုဝေလင်းတဲ့"

ကျောင်းဒါယကာ ဦးခွန်သာ၏စကားကို ပြန်လည်ကြားသည်။ ခုတင်ပေါ်ရှိ ချိုနှင်းရည်ကို လှမ်းကြည့်လိုက်သည်။ ဒေါက်တာမြင့်သိန်းဇော်၏ လက်သည် အတန်မှ မြင့်တက်လာ၏။ ချုပ်သောကြိုးတွင် သွေးစွန်းလျက်ရှိသည်။

ရင်ထဲတွင် နာကျင်၍နေ၏။

❑

mgyoe.com

mgyoe.com

# [၄]

အချောက်ချားဆုံးဘဝ၏အိပ်မက်။

သမီးကြီးလွင်လွင်ကို မေမေနေမကောင်းလို့ ဆေးရုံတက်နေတယ်ဟုမျှသာ ပြောလိုက်သည်။ ဒေါ်နန်းနှင့် ဦးမြင့်မောင်တို့ကိုမူ အခြေအနေတွေ ပြောထားပြီး သမီးတွေ မသိပါစေနဲ့ဟု စကားပိတ်ထားရ၏။ ကိစ္စရှိရင် ဒေါက်တာမြင့်သိန်းဇော် ဆီကို ဖုန်းဆက်ပါ။ ဆေးရုံဝင်းထဲက သူ့အိမ်မှာ ကျွန်တော်နေတယ်။ ခွင့်ယူထားတယ် ဟု ဦးမြင့်မောင်တို့ကို ပြောခဲ့ပြီး ဆေးရုံသို့ ပြန်သွားသည်။ အံ့သြခြင်းသည် အဆုံးတိုင်ခဲ့ပေပြီ။ မယုံကြည်နိုင်သော အဖြစ်အပျက်တစ်ခုနှင့် ရင်ဆိုင်နေရသည်ကို သိမြင်ကြုံတွေ့နေရသော်လည်း မသက်ဆိုင်သူကဲ့သို့ ခဏာနေနေရသည်။

"မင်း... ငါနဲ့ အိမ်လိုက်ခဲ့ဦး... မင်းလှိုင်"

သူ ချက်ချင်းမဖြေ။

"စိတ်ချရပါပြီ။ မနက်လေးနာရီ ငါးနာရီလောက်ကျရင် သတိရလာမှာပါ"

သူ့ ပခုံးကို ဒေါက်တာမြင့်သိန်းဇော် ဖက်သည်။ သူ ခြေရွှေ့ရတော့၏။ ဆေးရုံ ၏ အငွေ့အသက်သည် ရင်ကို ပိုမိုခုန်စေသည်ဟုထင်၏။ လှေကားလက်ရန်းဘက်မှ ကပ်ကာ တစ်ထစ်ချင်း ဆင်းလာသော သူ့ကို ဒေါက်တာမြင့်သိန်းဇော် ငဲ့၍ကြည့်သည်။

mgyoe.com

mgyoe.com


သူ့ပခုံးပေါ်မှ လက်ကို ရုပ်လိုက်ပြီး...

"မင်း သိပ်စိတ်လှုပ်ရှားနေတာ ငါသိပါတယ်"

မဲ့ပြုံးတစ်ပြုံးကို သူငယ်ချင်း ဆရာဝန်မြင်ပေလိမ့်မည်။ လေးငါးဆယ်ထစ်မျှသော လေ့ကားအဆင်းကာလတွင် သူစကားတွေ ရာပေါင်း ထောင်ပေါင်း ပြောဖြစ်သည်။ အသံအထမမြောက်သော ရင်ထဲက စကားတွေ။ တစ်ဆစ်ချိုးကွေ့သို့ ရောက်သော်...

"မင်း ဘယ်လိုယူဆလဲ မင်းလှိုင်"

ဆေးရုံအဆောက်အဦ၏ ကြက်ဥနှစ်ရောင်အဆင်းကို မျက်စိကျိန်းချင်သည်။

"ဟော်ပျက်ကုန်းဆိုတာ သမီးရည်းစားတွေ ချိန်းတွေ့တဲ့နေရာ မဟုတ်ရင်တော့ နှင်းတို့ကိစ္စကို ငါဘာမှ သံသယဖြစ်စရာမရှိပါဘူး မြင့်သိန်းဇော်"

ဒေါက်တာမြင့်သိန်းဇော်သည် ဘောင်းဘီအိတ်ထဲမှ ငါးသုံးလုံး စီးကရက်ဘူးကို ထုတ်ယူသည်။ လက်ထဲရှိ စီးကရက်ဘူးကို ယမ်းမီးခြစ်ဖြင့် ထပ်ကာကိုင်ရင်း...

"သူတို့ ဘာဖြစ်တာလဲ မြင့်သိန်းဇော်ဆိုတဲ့ မေးခွန်းကို မင်းမေးစရာ မလိုအောင် သဘောပေါက်ပြီးသား ဖြစ်မယ်လို့ ငါထင်ပါတယ်... ဟုတ်လား"

အောက်ထပ် သမံတလင်းပေါ်သို့ ခြေချရင်း အင်းဟု သူပြော၏။

"သဘောမပေါက်တောင်မှ ငါ မင်းကို မမေးပါဘူးကွာ။ ဘာဖြစ်လို့ဆိုတော့ တချို့ကိစ္စတွေဟာ မြင်ရုံ ကြားရုံနဲ့ အထိုက်အလျောက် သိပြီးဖြစ်နေပြီပဲ။ အသေးစိတ်သိဖို့မလိုတာကို ငါ မမေးချင်ပါဘူး။ တစ်ခုတော့ မေးမလား စိတ်ကူးတယ်"

"မေးလေ..."

"နှင်းက ဘာဖြစ်လို့ ခွဲရစိတ်ရတာလဲ"

"အစာအိမ်ထိခိုက်သွားလို့"

သူ ခေါင်းတစ်ချက်ညိတ်သည်။ ဆေးရုံတံခါးကို တံခါးစောင့် ဂေါ်ရခါးအမျိုးသားကြီးက ဖွင့်ပေးသည်။ အပြင်သို့ရောက်သည်တွင် ဒေါက်တာမြင့်သိန်းဇော်က စီးကရက်ဘူးနှင့် မီးခြစ်ဘူးကမ်း၏။ တစ်လိပ်ထုတ်ယူပြီး စီးကရက်ဘူးကို ပြန်ပေးလိုက်သည်။ မီးညှိပြီး တစ်ချက်ဖွာ၏။ မီးခြစ်ဆံကို ပုဏ္ဏာရိက်ပင်တန်းဆောရှိ ရေမြောင်းထဲသို့ လွှင့်ပစ်ရင်း...

"မင်း သူတို့နှစ်ယောက်ကို အတွေ့မြန်လို့၊ အခေါ်မြန်လို့၊ မဆိုစလောက်နောက်ကျရင် နှစ်ယောက်စလုံး မလွယ်ဘူး"

mgyoe.com

သူ ခေါင်းမခါ၊ မညိတ်။ ရင်ထဲမှာ ဟာလျက်ရှိ၏။ မြေနီလမ်းကို ငေး၍ကြည့်သည်။ နိမ့်လျှောလျှော မြေနီလမ်းသည် ကွေ့ကွေ့ပြေပြေ။ ချယ်ရီပင်တန်းတွေ အစီအရီ။ မီးခံကျောက်ပြားဖြူဖြူ မိုးသောအိမ်ကို လှမ်းကြည့်နေစဉ်...

"လွန်ခဲ့တဲ့ ဆယ့်နှစ်နှစ်လောက်က မင်းငါ့ကို သိပ်ထူးခြားတဲ့ စကားတစ်ခွန်း ပြောဖူးတယ်"

မီးခိုးမှုတ်ထုတ်ပြီး ဒေါက်တာမြင့်သိန်းဇော်ကို လှည့်ကြည့်၏။ ထို့နောက်...

"ဘာပါလိမ့်"

"စဉ်းစားကွာ။ ကမာရွတ်အဝိုင်းကြီးပေါ်မှာ ထိုင်ရင်းပြောတာလေ။ ဆောင်းတွင်းကြီး။ ဓမ္မာရုံထဲက အကြော်ဆိုင်မှာထိုင်ပြီး စကားပြောတယ်။ နောက်... အဓိပတိလမ်းထိပ်က အဝိုင်းလေးမှာထိုင်ပြီးပြောတယ်။ နောက် ကမာရွတ်အဝိုင်းကြီးမှာ ထိုင်ရင်းပြောတဲ့စကားကွာ"

ပြန်လည်စဉ်းစားသည်။ မြင့်သိန်းဇော်သည် ဆေးကျောင်းသား နောက်ဆုံးနှစ်ကျောင်းသား။ ခင်ခင်ထားကို စွဲလမ်းစဉ်ကာလ။ ခင်ခင်ထား၏ လှည့်ဖြားသော ပျားရည်စကားတွင် နစ်မြုပ်နေစဉ်။ လွင့်ပစ်သော အရုပ်စုတ်ဘဝသို့ ရောက်ခါစ။ သူခေါင်းခါသည်။ ဒေါက်တာမြင့်သိန်းဇော်က စီးကရက် တစ်ချက်ရှိုက်ပြီးမှ...

"ဘဝဆိုတာကို သူတစ်ပါးကဆောက်ပေးလို့ မရသလို ဖျက်ဆီးလို့လည်း မရဘူးလို့၊ ကိုယ့်ကိုယ်ကိုယ် နားလည်ထားရမယ်တဲ့။ မှတ်မိပြီလား"

ခပ်ရေးရေး အမှတ်ရလာသည်။ အင်းဟု သံရှည်ဆွဲပြီး ပြောလိုက်သည်။

"ဒီစကားကြောင့် ငါ့ဘဝ ကလိန်းကလက်မဖြစ်ခဲ့ရတာပါ မင်းလှိုင်။ ဒီစကားကို ခုနေများ မင်းခဏပြန်ယူထားပါလား သူငယ်ချင်းရာ"

နားလည်သဖြင့် ပြုံးသော သူ့အပြုံးမှာ မပြည့်မဝ။

"ငါ့ဘဝမှာ ခင်ခင်ထားကြောင့် ရင်ကွဲမတတ်ခံခဲ့ရတုန်းက အားပေးဖော်ဆိုလို့ မင်းတစ်ယောက်တည်း။ ခုဆို မင်းမှာ သမီးကြီး လွင်လွင်ရယ်၊ သမီးလေး မိမိရယ်။ ပြီးတော့ ငါလည်း မင်းအနားမှာ ရှိနေတာပဲ"

သူ့ နှုတ်ခမ်းတွေ တင်းတင်းစေ့၍နေ၏။ ခဏကြာမှ ခေါင်းညိတ်သည်။

"နှင်းရဲ့ မိသားစုဆီကို ညကျရင် ဖုန်းဆက်ပြီးအကြောင်းကြားဖို့ ဝတ္တရားရှိသေးတယ်။ မင်းသတိပေးကွာ"

ဒေါက်တာမြင့်သိန်းဇော်က ဒါပေါ့ဟုပြောပြီး ငါ့အိမ်ကနေပဲ အဝေးပြော

mgyoe.com

mgyoe.com


ဖုန်းခေါ်ထားပေါ့ဟုဆို၏။ အင်းဟု ပြောပြီး...

"ရင်ထဲက ဝိညာဉ်ကို ဆွဲနုတ်သွားသလို ငါခံစားရတယ် မြင့်သိန်းဇော်"

သူ့ကို အင်းအဲမဆို။ ခြေလှမ်းမှန်မှန်လျှောက်မြဲလျှောက်နေ၏။

"ငါ နားမလည်ဘူး"

"ဘာကိုလဲ မင်းလှိုင်"

"နှင်းကို"

"ငါလည်း မင်းလိုပါပဲ မင်းလှိုင်ရာ"

လာရာအတည်တကျမရှိသော နွေဦးလေသည် ဝေ့ကာဝိုက်ကာ တိုးဝင်သွား၏။ ထင်းရှူးရနံ့သည် သွေ့ခြောက်နေသည်ဟု ထင်၏။

သူ့အပြုံးကို ဒေါက်တာမြင့်သိန်းဇော် အဓိပ္ပာယ်ဖော်ယူ၍ ရဟန်မတူ။

\❑

mgyoe.com

mgyoe.com

# [၃]

လောလောဆယ် မင်းမတွေ့နဲ့ဦးဟု ဒေါက်တာမြင့်သိန်းဇော်ပြော သည်။ အထူး သူနာပြုဆရာမနှစ်ယောက်ဖြင့် နေ့ညပြုစုစောင့်ရှောက်ပေးသည်။ တတိယနေ့ ညနေတွင် ချိုနှင်းရည် မိသားစု ရောက်လာသည်။ အကျိုးအကြောင်း ပြောပြရတော့၏။ ချိုနှင်းရည်၏ ဖခင်သည် မျက်နှာပျက်သွားပြီး တောက်တစ်ချက် ခေါက်သည်။

ဇနီးဖြစ်သူကို မင်းသွားတွေ့ချင်တွေ့၊ ငါ မတွေ့ချင်ဘူး။ မနက်ဖြန် ငါပြန်မယ် ဟု ရှက်ဒေါသစကားဆို၏။ သူဖျောင်းဖျသည်။ ခေါင်းခါပြီး ဘာမှမပြော။ ချိုနှင်းရည် ၏ အစ်ကို၊ အစ်မနှင့် မောင်ဖြစ်သူတို့က မျက်စိ မျက်နှာမလှ။ မျက်နှာချင်းအဆိုင်ရ ခက်နေမည်ကို သိ၍ ဒေါက်တာမြင့်သိန်းဇော်၏ အိမ်တွင် သူ နေမြဲနေ၏။ ထမင်းချက် ဒေါ်နန်းနှင့် ကားဆရာ ဦးမြင့်မောင်တို့ကို လိုအပ်သမျှ မှာသည်။ စားရေးသောက်ရေး၊ နေရေးထိုင်ရေး အဆင်ပြေအောင် စီမံပေးရန် သူပြောသည်။ ဆေးရုံမှာ ကျွန်တော် ရှိမှဖြစ်မှာမို့ မြင့်သိန်းဇော်ဆီမှာ နေရတာပါဟု သူပြောသည်။

နောက်နေ့တွင် သမီးတွေကို တွေ့ချင်သည်ဟု ချိုနှင်းရည်ပြောသည် ဆို၏။ ချိုနှင်းရည်၏အစ်မဖြစ်သူက လာပြောသောစကားကို အံ့သြမိသည်။ တွေ့ချင်တာ တွေ့ပါစေ မမ။ သူ့ သဘောကျသာ စီစဉ်ပေးပါ။ ကျွန်တော် လာမတွေ့သေးတာက သူ နေထိုင်မကောင်းဖြစ်နေတုန်း မြင်လိုက်ရင် စိတ် အနှောင့်အယှက်ဖြစ်မှာ စိုးလို့ပါ။ ဆရာဝန်ကလည်း မှာထားလို့ပါဟု သူပြောလိုက်၏။

❑

mgyoe.com

mgyoe.com

[၄]

"သူ သတိရရချင်း ကိုဝေလင်း... ကိုဝေလင်းဆိုတဲ့ ခေါ်သံကို မင်း ကြားတယ် မဟုတ်လား"

သူ မညာချင်တော့။ ခေါင်းကိုသာ ညိတ်ပြလိုက်၏။ ထို့နောက်မှ...

"ကိုဝေလင်း အခြေအနေကော"

"သုံးလေးငါးရက်ဆိုရင် ဆေးရုံက ဆင်းနိုင်လောက်ပါပြီ"

"နှင်းကရော"

ခဏ စဉ်းစားပြီးနောက်...

"ဆယ့်လေးငါးရက်တော့ နေမှဖြစ်မယ်"

ဒေါက်တာမြင့်သိန်းဇော်က ထမင်းချိုင့်တွေကို စားပွဲပေါ်တွင်တင်သည်။ ဟင်း မဆိုးဘူးကွ။ ငါးရှူပြန့်ကြော်၊ ဟင်းချိုက ဘူးသီးစိတ်နဲ့ ပုတတ်စာ၊ တို့စရာကလည်း ခပ်ဆန်းဆန်း ငှက်ပျောဖူးပြုတ်ထားတာ၊ ပဲပုပ်ကပါနေကျ၊ မင်း... ဆာပြီလားဟု ဟမေး၏။ တယ်မဆာလှသေးပါဘူးကွာဟု သူဖြေသည်။ ထမင်းစားခန်းထဲသို့ ခြံတွင်းရှိ နှင်းဆီခင်းမှ ပန်းနံ့တွေရောက်လာ၏။ ဟင်းနံ့ကပါ ခပ်ထွေးထွေးနှောလာ၏။

"ကိုဝေလင်းက ဆွေကြီးမျိုးကြီးထဲကပါ။ သူ ဘွဲ့ရတစ်ယောက်ပဲ၊ ညီအစ်ကို

mgyoe.com

မောင်နှမတွေထဲမှာ အငယ်ဆုံးတဲ့။ ဖအေက ရာထူးကြီး ရာထူးခံပဲ၊ သူက ကန်ထရိုက် လုပ်ငန်းရှင် ... လူပျို"

နားထဲတွင် ခပ်လျှံလျှံ ကြားနေရ၏။ အရပ်မြင့်မြင့်၊ မျက်နှာဝိုင်းဝိုင်း၊ အသားညို သည်၊ မျက်ခုံးပါးပါး၊ နှုတ်ခမ်းထူထူ၊ နှာတံချွန်ချွန်၊ ဆံပင်အုံ့ပွပွ၊ မေ့ဆေးဖြင့် အိပ်နေစဉ် သူကြည့်ခဲ့သည်။

"အသက် အစိတ်ကျော်ကျော်ပဲရှိသေးတယ်"

"သူ့ကို ငါ တစ်ခါနှစ်ခါ မြင်ဖူးတယ်တော့ ထင်တာပဲ"

"သူက ဒီဇာတိတော့ ဒီဇာတိ၊ အလုပ်ကိစ္စနဲ့ အနယ်နယ် သွားနေရတော့ တစ်ခါတလေလောက်သာ ဒီကို ပြန်လာတတ်တာ..."

"နှင်း တော်တော် ပိရိတာပဲ ... မြင့်သိန်းဇော်"

မှတ်ချက်စကားမဆို။

"နှင်းဟာ ဉာဏ်နည်းသူလည်း မဟုတ်ပါဘူး။ ဆင်ကန်းတောတိုးသမားလည်း မဟုတ်ဘူး။ ဒါပေမဲ့ အခုကိစ္စမှာတော့ သိပ်ဆိုးတဲ့ မိန်းမတစ်ယောက်ပဲ။ ခုနေမှာ ဝေတော့ မဝေဖန်ချင်လှဘူးကွာ"

"သိပ်ဆိုးတဲ့ ယောကျ်ားတစ်ယောက်ကို ငါပိုပြီး အပြစ်တင်ချင်တယ်။ အဲဒီ နှစ်ယောက်ဟာ အမျိုးသမီးကောင်း၊ အမျိုးသားကောင်းတွေ မပြုမူတဲ့ အပြုအမူတွေ ပြုမူခဲ့ကြတာပဲ။ အခုအချိန်မှာ နှစ်ယောက်စလုံးက ငါ့လူနာတွေ ဖြစ်နေတော့ မပြော သာသေးဘူး။ ဆေးရုံက ဆင်းတဲ့နေ့မှာတော့ နှစ်ယောက်စလုံးကို စကားပြောရ လိမ့်မယ်"

"ဘာပြောမှာလဲ မြင့်သိန်းဇော်"

ထမင်းချိုင့်တွေ ပြန်စီရင်း...

"ဆရာဝန်စကား မဟုတ်ပါဘူး"

"မင်း ရည်ရွယ်ချက်က..."

"ဆင်ခြင်တုံတရား၊ ကိုယ်ကျင့်တရား၊ ဆုံးမစကား ဆိုပါတော့..."

သူ ရယ်၏။ တိုးသော်လည်း ခွန်အားမမဲ့။

"မပြောပါနဲ့တော့ကွာ"

သူ့ကို ဖျတ်ခနဲကြည့်၏။

"ဘာဖြစ်လို့လဲ မင်းလှိုင်"

mgyoe.com

mgyoe.com


မှန်တရုတ်ကတတ်ပြတင်းဘက်သို့ မျက်နှာလှည့်ထားရင်းနှင့်...

"ငါ ဆုံးဖြတ်ပြီးလို့ပါကွာ"

"ဘယ်လို..."

"ဩော်... ဆုံးဖြတ်ချက်ချပြီးခဲ့လို့ပါလို့ ပြောတာ"

ဒေါက်တာမြင့်သိန်းဇော်ဘက်သို့ မျက်နှာမူ၏။ စိုးရိမ်အံ့သြခြင်း မရှိသော်လည်း တားမြစ်လိုသောအကြည့်ဖြင့် သူ့ကို စူးစူးစိုက်စိုက် ကြည့်နေ၏။

"ဘာဆုံးဖြတ်လိုက်လို့လဲ မင်းလှိုင်"

သူ ပြုံး၏။

"ခဏကလေး စဉ်းစားကြည့်ရင် ငါ ဘာဆုံးဖြတ်တယ်ဆိုတာ အဖြေပေါ်ပြီး သားပါ"

ဒေါက်တာမြင့်သိန်းဇော် မျက်ခုံးပင့်၏။ ဖွဖွဆုပ်ထားသော ညာလက်သည် ခါးတွင် ထောက်လျက်သား။

"မင်း စဉ်းစားပါဦး"

"စဉ်းစားပြီး ပြောတာပဲ မြင့်သိန်းဇော်"

သူ့အသံ မာမာကျောကျော ဖြစ်နေသည်။ ခဏအကြာတွင် မပွင့်တစ်ပွင့် ပြုံးကာ...

"ဘဝဆိုတာ သူတစ်ပါးက ဆောက်ပေးလည်းမရ၊ ဖျက်ဆီးလည်း မရပါဘူး ကွာ...။ ဒါပေမဲ့..."

သူ့အသံ တိမ်၍ နစ်ဝင်သွားသည်။

❑

mgyoe.com

mgyoe.com

# [၇]

သူ့ရဲ့အသက်ဟာ မင်းကယ်တဲ့အသက်ပဲ ရှိပါတယ်တဲ့။ ငါကလည်း ပြောပြလိုက်ပါတယ်။ သူ့အတွက် လိုအပ်တဲ့ ဆေးရော၊ သွေးရော မင်းရှာဖွေပေးတဲ့အကြောင်းပေါ့ကွာ။ ကိုဝေလင်းတော်တော် စိတ်ထိခိုက်သွားပုံပဲ။ မင်းကို ကျေးရှူးရှင်အဖြစ်နဲ့ သတိရပြီး မကြာခင်မှာ သိလိုက်ရတာဟာ လူမသေဘဲ ဘဝသေသွားပါပြီတဲ့။ မင်းက လောလောဆယ် အတွေ့မခံနိုင်သေးဘူး။ ခေါ်တဲ့နေ့ကျရင် လာပါဆိုတာကိုလည်း သူခေါင်းညိတ်တယ်ဟု ဒေါက်တာမြင့်သိန်းဇော်ပြောသည်။ သူ့မိသားစုကတော်တော် မကျေနပ်ပုံပဲကွ။ ပြောဖို့ဆိုဖို့ မကောင်းသေးတဲ့ အချိန်မို့လို့ ချုပ်တည်းနေကြပုံပဲဟု ကိုဝေလင်း အသိုင်းအဝိုင်းနှင့် စပ်လျဉ်း၍ သူ့ကိုပြောသည်။

"ဘယ်နေ့ ဆေးရုံက ဆင်းမလဲ"

"မနက်ဖြန်"

"ငါ စိတ်အေးအေးထားရမှာမို့လို့ သူ့ကို မတွေ့သေးတာဘဲ မြင့်သိန်းဇော်"

"မင်း နောက်ထပ်စဉ်းစားပါဦးလား သူငယ်ချင်း"

ကြေကွဲစွာ ပြုံးလိုက်၏။

"မနေ့တစ်နေ့က ငါရုံးက လက်ထောက်အရာရှိ ကိုစံတင်ရယ်၊ သင်းသင်းရယ်

mgyoe.com

mgyoe.com


လူမမာသတင်းလာမေးတာကို ငါ ပြန်သတိရနေသေးတယ်"

ဆေးရုံတင်သည့်နေ့ ညနေပိုင်းက သတင်းမေးရန် ရောက်လာကြသည်။ သာမန်နေထိုင်မကောင်းဖြစ်သည်ဟုထင်ကာ လာကြသည်။ အခြေအနေကို သိသောအခါ အားနာသဖြင့် မျက်နှာပျက်နေကြသည်။ စိတ်ကျဉ်းကျပ်စွာ အနေခက် အပြန်ခက် ဖြစ်ခဲ့ကြသည်။

"သတင်းက တစ်နယ်မဆုံလို့ တစ်နယ်ပြန့်လောက်ပါပြီ မြင့်သိန်းဇော်ရာ"

ဒေါက်တာမြင့်သိန်းဇော် ခေါင်းညိတ်သည်။ သူဆက်၍ ပြောသည်။

"ချို့နှင်းရည် အဖေက နောက်နေ့မှာပဲ ရန်ကုန်ကို ပြန်ဆင်းသွားပြီ။ ဒါ ပတ်ဝန်းကျင်ရဲ့ သဘောထား တစ်စိတ်တစ်ဒေသပေါ့"

သူ့ကို တွေ၍ကြည့်၍။ ခေါင်းတစ်ချက်ကုတ်သည်။ နှင်းဟူသော အခေါ် အဝေါ် မဟုတ်တော့သည်ကို သတိပြုမိပုံရလေ၏။

❑

mgyoe.com

mgyoe.com

# [၈]

အလုပ်ခွင်ထဲတွင် အာရုံတွေကို ဆောက်တည်ထားရသည်။ ကိုယ့်ကိုယ်ကိုယ် ကိုယ်ပေါင်းစိတ်ခွာထားရသည်။ လုပ်ဖော်ကိုင်ဖက်တွေ၊ လက်ထောက်တွေ၊ တပည့်တပန်းတွေထဲက မည်သူကမျှ လူနာမေးစကား မဆိုကြ။ သတိကြီးစွာဖြင့် စောင့်ထိန်းနေမှန်း သိသာသည်။ မကြည်လင်စရာကို မမေးရဟူသော လိုက်နာမှုတစ်မျိုးဖြင့် နေကြသည်ဟု နားလည်သည်။

ဒေါ်ချိုနှင်းရည် သက်သာသွားပြီလား၊ ဆရာကတော် ဘယ့်နှယ်နေသေးလဲ၊ မမနှင်းဘယ်တော့ ဆေးရုံကဆင်းမှာလဲဟူသော မေးခွန်းတို့သည် အခြားလူနာတစ်ဦးကိုပါ သတိရစရာ ဖြစ်လိမ့်မည်။ ထိုလူနာသည် ဇနီးဖြစ်သူနှင့် ပတ်သက်နေသူ။ မကောင်းသတင်း၊ ရှက်ဖွယ်သတင်း၌ ပါဝင်နေသူ။ ထိုအကြောင်းတွေကြောင့် မမေးအပ်သောစကားဟု ယူဆထားကြဟန် တူသည်။

"သန်ဘက်ခါကျရင် နှင်းဆေးရုံကဆင်းလို့ရပြီ မင်းလှိုင်"

သူခေါင်းညိတ်သည်။

"သူ့ မအေတွေက သူတို့ဆီ ခဏလိုက်နေဖို့ ခေါ်မယ်တဲ့... မြင့်သိန်းဇော်"

"ကောင်းသားပဲ။ အဲဒီအစီအစဉ်ကောင်းတယ်"

mgyoe.com

mgyoe.com


"ဆယ့်လေးငါးရက်လောက်နေမှ ဒီကို ပြန်လာမယ်ပေါ့ကွာ"

"အင်း... ဒါထက် မင်းသမီးကြီးက ခုကိစ္စကို သိသွားတာ မကောင်းဘူး။ ကလေးစိတ်ထဲမှာ အနှောင့်အယှက်ဖြစ်တာပေါ့။ ဘယ်သူ ပြောလိုက်သလဲ မသိဘူး"

"ချို့နှင်းရည် မိသားစုကိုရော၊ ဒေါ်နန်းတို့ကိုရော စကားပိတ်ထားဖို့ ငါမေ့သွားတယ်။ အဲဒီရက်တွေက ခုလောက် ခေါင်းအေးအေးမှ မထားနိုင်သေးတာ"

မျက်နှာကြက် မီးလုံးမှ အရောင်သည် ညှော်ခန်းထဲတွင် ခပ်မှိန်မှိန်။

"ငါ... မင်းဆီက တစ်ခုခွင့်တောင်းပါရစေ မြင့်သိန်းဇော်"

ချိတ်ထားသောခြေကိုချရင်း...

"ဆိုပါဦး"

ခဏတွေနေ၏။ ထိုနောက်မှ...

"ချို့နှင်းရည် ဒီကို ပြန်လာပြီးရင် မင်း အိမ်မှာ ချို့နှင်းရည်ရယ်၊ ငါရယ်၊ ဝေလင်းရယ် ဆုံပြီး စကားပြောစရာရှိတာ ပြောဖို့"

ဒေါက်တာမြင့်သိန်းဇော် စဉ်းစားသည်။ သက်ပြင်းတစ်ချက်ချကာ ခေါင်းညိတ်သည်။

❑

mgyoe.com

mgyoe.com

# [၉]

မေ့ဆေးပြယ်၍ သတိရသည့်နေ့မှ လေးရက်မြောက်သောနေ့တွင် ချိုနှင်းရည် ထံသို့သွား၍တွေ့သည်။ သက်သာတယ် မဟုတ်လား မေးခွန်း တစ်ခွန်းသာ သူမေး ခဲ့သည်။ ချိုနှင်းရည် ခေါင်းညိတ်သည်။ အပြုံးမရှိ။ ချိုနှင်းရည်၏ အမေ၊ အစ်မ တစ်ဦးဦး မပါလျက် ခုတင်အနီးတွင် သူမနေ။ အဖြစ်အပျက်နှင့် စပ်လျဉ်းသော စကားကို ကြားချင်စိတ်မရှိ။ တောင်းပန် စကားပြောမည်ကို မလိုချင်ဆုံး။ ချိုနှင်းရည်၏ မည်သည့်စကားကိုမျှ တုံ့ပြန်ပြောရန် စကားမရှိတော့ဟု ကိုယ့်ကိုယ်ကိုယ် နားလည် နေသည်။

သူ့ မျက်နှာရိပ် မျက်နှာကဲကို ချိုနှင်းရည် သိပုံရ၏။ ရှင်းလင်းပြောပြရန် နှုတ်ခမ်းမပြင်။ တိုးလျှိုးဝန်ချလိုသော အကြည့်ဖြင့်ပင် မကြည့်။ အမှားတစ်ခု ကျူးလွန် မိသူ၏ မျက်နှာနေ မျက်နှာထားဖြင့်သာရှိသည်။ မျက်လုံးချင်း မဆုံမိအောင် နေသော အနေ။ သစ္စာပျက်သူကို ကြည့်သော အကြည့်မျိုးမဖြစ်အောင် သူ သတိကြီးစွာ ကြိုးစား ခဲ့ရသည်။

❑

mgyoe.com

mgyoe.com

[၁၀]

"မင်းတို့ဘဝကို မင်းတို့ဆက်ပြီး ထူထောင်ကြ။ ဒီလို ပြဿနာမျိုး မင်းတို့ဘဝမှာ နောက်တစ်ခါ မကြုံရအောင် ဆင်ခြင်ကြပေါ့ကွာ။ မင်းတို့ အိုအောင်မင်းအောင် ပေါင်းနိုင်ကြပါစေ။ ဒါပါပဲ"

ကိုဝေလင်း၏လက်နှင့် ချိုနှင်းရည်၏လက်ကို ထိကပ်ပေးလိုက်သည်။ လက်နှစ်ဖက်စလုံး အေးစက်နေသည်ကို ခံစားသိရှိနေရသည်။ ဆုပ်ကိုင်ခြင်းမရှိသော လက်နှစ်ဖက်ကို သူလွှတ်လိုက်သည်။ ချိုနှင်းရည်၏ မိခင်ထံမှ ငိုသံကြားရသည်။ ချိုနှင်းရည်၏ အစ်မသည် တောက်တစ်ချက် ခေါက်ပြီး မျက်နှာလွှဲသည်။ ခေါက်တာ မြင့်သိန်းဇော်က ခေါင်းငုံ့ကာနေ၏။

ညည့်ခန်းသည် ချောက်ချားဖွယ်အတိ ရှိနေ၏။

"ချိုနှင်းရည်မိဘ ဝယ်ပေးထားတဲ့ ကားကို ပြန်ယူသွားပါ။ ဒါက အိမ်က ဗီရိုသော့တွေ။ လိုချင်တာ အကုန်ယူပါ"

ချိုနှင်းရည်၏ မဟာနဖူးသည် တစ်ချက်တွန့်တက်သွား၏။ ဖြူနုသော ပါးနှစ်ဖက်သည် ရဲရဲမြန်းမြန်း။ ကားသော့နှင့် ဗီရိုသော့တွဲကို လှမ်းယူသော လက်သည် ဆုတ်ဆိုင်းလေးလံနေ၏။ အာရုံသည် လွင့်ချင်ချင်။ မြင့်မားသော တောင်တန်း၏

mgyoe.com

အစွယ်။ လေးငါးကေ မြေညီတောင်ထိပ်။ နှစ်တစ်ရာကျော်က ဟော်ပျက်။ ကျွန်းတိုင်လုံးများနှင့် အဆောင်အဆောင်။ သစ်ပင်ချုံနွယ်တွေ ထူထပ်ရာ ပတ်ဝန်းကျင်။

အပြိုပြိုအလဲလဲ သင်္ကြာန်နှစ်ခု။ အန်ဖတ်တွေ အလူးလူး သတိလစ်နေသော ကိုဝေလင်း။ အစာအိမ်ထဲမှ အစာတွေ စုပ်ထုတ်နေသော ကိရိယာ၏ လည်ပတ်သံ။ ဂလူးကိုးစ်ပုလင်း။ သွေးပုလင်း။ စိမ်းပြာရောင်မျဉ်းကောက် အတက်အကျ ပြေးလွှားနေသော အီလက်ထရွန်နစ်ကိရိယာ၏ မှန်မျက်နှာပြင်။ ချိုနှင်းရည်၏ လက်ကောက်ဝတ်တွင် ထိုးသွင်းထားသော အပ်တွေ၊ ပလတ်စတစ်ပိုက်တွေ။

ဓာတ်ငွေ့ အနည်းအများပြရာ ဖန်ပြွန်ထဲက လည်နေသော တုံးလေးတွေ။

"ကျွန်တော်... ကျေးဇူးတရားကို..."

ကျုပ် ဘာမှမကြားချင်ဘူးဟု သူ လှမ်းပြောသည်။ ကိုဝေလင်း စကားမဆက်။ မျက်လုံးတို့သည် သူ့ထံတွင် ရောက်နေသည်။ သူ့ အသံမှာ အော်ဟစ်သကဲ့သို့ ဖြစ်သွားသည်။ ချိုနှင်းရည်၏ အစ်မ မျက်လုံးသည် ကိုဝေလင်းထံသို့ ဇွေ့ခနဲရောက်သွား၏။ မီးတောက်မျက်လုံး။ မတ်တတ်ရပ်လျက်ရှိသော ချိုနှင်းရည်နှင့် ကိုဝေလင်းတို့ရှေ့သို့ သွားကာရပ်၏။ နှစ်ယောက်စလုံးကို စူးစူးခါးခါးကြည့်၏။

သူ ခြေရွေ့သည်။

တံခါးဝသို့ လျှောက်သွားသည်။

ဖိနပ်စီးနေစဉ် ဖြန်းခနဲ ရိုက်သံနှစ်ချက်ကို ခြား၍ ကြားရ၏။

ချိုနှင်းရည်ကို သူလှမ်းကြည့်၏။ အရိုက်ခံရသော ဘယ်ဘက်ပါးပေါ်တွင် လက်ဖဝါးကပ်ကာ မျက်လွှာချထား၏။ ကိုဝေလင်းက ခေါင်းငုံ့၍ နေ၏။

"ဒီမယ်..."

မျက်လုံးတွေ သူ့ထံသို့ ရောက်လာ၏။

"သမီးတွေကို ငါနဲ့ပဲထားခဲ့ပါ။ မင်းခေါ်သွားစရာမလိုဘူး ချိုနှင်းရည်"

အိမ်အပြင်သို့ ရောက်သောအခါ ကိုယ်သည် ကညင်ပွင့်ကဲ့သို့ ပေါ့ရွတ်ရွတ်ဖြစ်နေ၏။

❑

mgyoe.com

mgyoe.com

# [၁၁]

ဒေါ်နန်းသည် ဗီရိုသော့ကို လှမ်းပေးသည်။ မရွှင်ပျသော မျက်နှာကို မဖုံးကွယ်နိုင်။

"ကားသော့ကို ဒီမှာပေးထားခဲ့လို့ ဆရာကတော့် မအေကပြောတယ် ဆရာ။ ကျွန်မက ဆရာမှာထားတဲ့ စကားပြောလိုက်တော့မှ ကားကိုယူသွားပါတယ်"

"မိမိက မအေနဲ့ လိုက်မယ်ပြုမယ် ပြောသေး ငိုသေးလား ဒေါ်နန်း"

ခေါင်းခါပြီး...

"မပြောဘူး ဆရာ၊ ငိုလည်းမငိုဘူး"

ဒေါ်နန်း၏ ပြည့်ဖောင်းဖောင်း ပါးနှစ်ဖက်သည် မဲ့ပြုံးဖြင့် ခပ်တွန့်တွန့်ရှိ၏။ တစ်လကျော်မျှ ကင်းကွာသော ကာလအတွင်း သမီးငယ်သည် ဝေးကျင့်ရသွားဟန်တူသည်ဟု တွေးမိ၏။

"အစ်မကရော၊ မအေကရော ငိုလည်းငို ပြောလိုက်တာလည်း... ရစရာကို မရှိပါဘူး ဆရာရယ်။ ဆရာကတော် တစ်ခွန်းမှ ပြန်မပြောဘူး။ ခေါင်းငုံ့ခံနေတယ်"

ကြိမ်ကုလားထိုင်ပေါ်တွင် သူထိုင်လိုက်၏။ ဒေါ်နန်းသည် မျက်နှာချင်းဆိုင် ကုလားထိုင်တွင်ထိုင်၏။

mgyoe.com

"တစ်နာရီလောက်ကြာတော့ ဟိုအကောင့်ကား အိမ်ရှေ့မှာ လာရပ်တယ်"

နောက်မှီတွင် ကုပ်ပိုးတင်ထားပြီး ခပ်မော့မော့နေရင်း ဒေါ်နန်းပြောသည်ကို နားထောင်၏။

"ကားကို အစ်မက ငါတို့ယူသွားမယ်လို့ ပြောတယ်ဆရာ" သူပြုံးသည်။ မပို့တပိ။

"ဆရာကတော်က သူ့အင်္ကျီအဝတ်အစားတွေပဲ ယူသွားတယ်။ လက်ဝတ်လက်စားတွေလည်း ထားခဲ့တယ်ဆရာ"

တစ်နေ့က ဘဏ်တွင်အပ်ထားသော ငွေနှစ်သောင်းကို ထုတ်ယူပြီး ချိုနှင်းရည် အဝတ်ဗီရိုအပေါ်ထပ်တွင် အထုပ်လိုက် တင်ပေးထားခဲ့သည်။ လက်ထပ်ပြီး လေးငါးခြောက်လမှစ၍ စုခဲ့သမျှ ငွေ။

"ငွေလည်းတစ်ပြားမှ ယူမသွားဘူးဆရာ။ ဆရာကတော်နဲ့ သူ့ မိသားစုနဲ့ကတော့ သေခန်းပြတ် ရှင်ခန်းပြတ် ဖြစ်သွားကြပါပြီ"

ရင်ထဲတွင် ခြောက်သွေ့၍ နေလေ၏။

❑

mgyoe.com

mgyoe.com

[၁၂]

မီမီ၏ လက်ဖျားလေးတွေ ပဲကြီးခွံတွန့်နေ၏။ လက်ဖဝါးနှစ်ဖက်ကို သူဆုပ်ထားလိုက်သည်။ မီမီသည် ရေပက်ရတာ ပျော်တယ်ဟု ပြော၏။ လွင်လွင်သည် ဖလန်နယ်သင်တိုင်းအင်္ကျီရှည်ကို ယူလာရင်း...

"ညီမလေး... လာ၊ အနွေးထည် ဝတ်ထားရအောင်"

သူ့ထံမှ အစ်မထံသို့ ပြေးသွား၏။ အလုပ်သမားရိပ်သာဘက်ဆီမှ ရေလောင်းသောအသံတွေ၊ ပျော်ရွှင်အော်ဟစ်သံတွေ ခပ်သဲ့သဲ့ ကြားရ၏။ သကြ်န်သံတို့သည် ရင်ထဲသို့ စိမ့်ဝင်လာ၏။ သမီးငယ်ကို လှမ်းကြည့်သည်။ သင်တိုင်းအင်္ကျီ ကြယ်သီးတပ်ရင်း၊ မနက်ဖြန်ကျလည်း ပက်မယ်နော်ဟု ဖခင်ကို လှမ်းပြော၏။ သူခေါင်းညိတ်ပြီး ပြုံးသည်။

မီမီက တော်တော့်ဆိုလို့သာ... တော်ရတာ မဝသေးဘူး ဖေဖေရဲ့။ နှုတ်ခမ်းတွေပြာတောင်ပြာနေတာဟု သမီးကြီးကပြော၏။ သမီးငယ်သည် ပျော်ပျော်ရွှင်ရွှင်။ သမီးကြီးသည် ညီမကိုထိန်းရင်း ရေကစားသာ ကစားရ၏။ စိတ်အနှောင့်အယှက်ရှိစွာ ပျော်ရပုံမျိုး။

"ဖေဖေ ထမင်းစားတော့မလား"

mgyoe.com

"သမီးတို့ဆာပြီလား"

"ဖေဖေဆာရင်တော့ စားမယ်လေ။ ဖေဖေ မစားသေးရင်လည်း နေလို့ရပါတယ်"

သမီးကတော့ ရေပဲပက်ချင်တယ်ဟု မီမီဝင်ပြော၏။ သူရယ်လိုက်သည်။ သမီးကြီးက ပြုံးကာ...

"အအေးမိရင် ဖျားပြီး မနက်ဖြန် မကစားနိုင်ဘဲနေမယ် မီမီရဲ့"

မဖျားပါဘူးဟုပြောရင်း ဖခင်ထံသို့ ပြုံးပြ၏။ ထိုနောက် နှစ်ယောက်ထိုင်ကုလားထိုင်ပေါ်သို့ တက်သည်။ ဖအေ့ပေါင်ပေါ်တွင် ခေါင်းအုံးကာ။

"မနက်ဖြန်ကျရင် ဖေဖေပါ ကစားနော်"

အင်းဟု သူပြောသည်။ ညှော့ခန်းနာရီကို လှမ်းကြည့်၏။ လေးနာရီ ခွဲပေပြီ။

"ငါးနာရီလောက်ကျမှ ထမင်းစားရအောင်"

လွင်လွင် ခေါင်းညိတ်သည်။ သမီးကြီးသည် သူ့ကို တစ်ချက်စိုက်၍ ကြည့်သည်။ ဖခင်ကို ပြုစုရမည့် အရွယ်ရောက်ပြီး သမီးကြီးတစ်ယောက်၏ ဟန်ပန်မျိုး ရှိ၍နေ၏။

စိတ်သည် သမီးတို့အပါးမှ တစ်ခဏ လွင့်သွားသေး၏။

❑

mgyoe.com

mgyoe.com

[၁၃]

နှစ်လနှင့် ငါးရက်။

နှင်း၏ မျက်နှာကို နောက်ဆုံးမြင်ခဲ့ရသည်မှာ လွန်ခဲ့သော တစ်လနှင့် ဆယ်ရက်က။

မိမိတို့အပါးမှ ပျောက်ကွယ်သွားသော မိခင်ကို သမီးကြီး လွင်လွင်သည် အချိန်တိုင်းသတိရနေပေလိမ့်မည်။ ဖခင်ရှေ့တွင် ပြောရန်ခက်သော အကြောင်းအရာဟု သမီးကြီး ယူဆနားလည်ထားပေပြီ။ သမီးငယ်သည် မူကြိုဆရာမ၏ ကကြီးခခွေးနှင့် ကဗျာတွေ၊ ကစားစရာတွေကြောင့် မအေကို အခါမလပ် မမေး။ သို့သော် သတိရလျှင် မေမေ့ဆီသွားမယ်ဟု ပူဆာတတ်သည်။

စားစရာ ကစားစရာတွေဖြင့် လှည့်စား၍မရသောအခါမျိုးတွင် ရင်မှာ အခံရခက်သည်။ သမီးကြီးသည် မအေကို တမ်းတသော ညီမကို ချော့မော့ကာ အာရုံဖြတ်ပေးသည်။ ထိုအခါတွင် သမီးကြီးမျက်နှာမှာ ခပ်အိုအို။ သူ့ရှေ့မှ ကောက်ချီကာ မုန့်သွားဝယ်စားမယ် ဘာမယ်ပြောပြီး ခေါ်သွားစမြဲ။

...ကိုကို့ဆီက စာကိုဖတ်လိုက်ရတော့ မြိုင့် မျက်လုံးတွေ ပြာသွားတယ် ကိုကို။ ပြဿနာပေါ်စက မြိုင့်ဆီကို စာရေးရေး၊ သံကြိုးရိုက်ရိုက် ခေါ်ဖို့

mgyoe.com

mgyoe.com

တော့ ကောင်းပါတယ်။ မြိုင်က ကိုကို့နှမမို့လို့ မတိုင်ပင်ထိုက်သေးတဲ့ သူလို့ ကိုကို ယူဆလို့လား။ မြိုင်အပြစ်တင်တာ ကိုကို စိတ်ဆိုးချင်ဆိုးပါ။ ကိုကိုနဲ့ မမနှင်းတို့ရဲ့ ကိုယ်ရေးကိုယ်တာဆိုပေမဲ့ မြိုင့်အနေနဲ့ ဆိုင်သင့်သလောက် ဆိုင်ပါတယ်။ ပြောရေးဆိုခွင့် ရှိသင့်သလောက် ရှိတယ်ထင်ပါတယ်။ ခုတော့... အားလုံး လွန်ကုန်တော့မှ မြိုင်သိရတော့ ဝမ်းလည်းနည်းတယ်။ တုန်လည်း သိပ်တုန်လှုပ်သွားတယ် ကိုကို။

ပြိုကွဲသွားပြီဖြစ်တဲ့ ကိုကိုတို့အိမ်ထောင်ရေးအတွက် မြိုင်ယူကျုံးမရ ခံစားရပါတယ်။ တူမလေးနှစ်ယောက်ရဲ့ မျက်နှာကိုမြင်ပြီး ကိုကို့စာရတဲ့နေ့က ညအိပ်လို့မရခဲ့ဘူး။

ကိုကိုဆုံးဖြတ်စီရင်တာ သိပ်မြန်ဆန်လွန်းတယ်လို့ ထင်ပါတယ်...

ရုံးခန်းပြတင်းကျယ်ဘက်သို့ လှမ်းကြည့်လိုက်သည်။ စာရွက်ကို ပြန်ခေါက်ပြီး ကုလားထိုင်နောက်မှီသို့ ကျောဖိကပ်လိုက်၏။ စားပွဲအောက်ခြေ ခြေတင်တန်းတွင် ခြေစုံထောက်သည်။ အပြာနုရောင် အောက်ခံတွင် ရွှေရေးပန်းခက်ပြေးထားသော လိုက်ကာစသည် အခန်းထောင့်တွင် ကပ်လျက်ရှိ၏။

မှန်ကိုထွင်း၍ ကြည်လင်စွာမြင်ရသော တောင်တန်းတွေသို့ အကြည့်လွှဲထားသည်။ ကွေ့ကောက်ကာ တက်လာသော ကားလမ်းကို ပျပျမြင်ရ၏။ ပန်ချောင်းဟု အမည်တွင်သော မြစ်ငယ်တစ်စင်းသည် အမြင်၏ အဝေးဆုံးနေရာ၌ စီးဆင်းကာ နေ၏။

...တိုင်ပင်စရာရယ်ဆိုလို့ ဒီမောင်နှမနှစ်ယောက်သာ ရှိတယ်ဆိုတာလည်း ကိုကို သတိမရပုံပါပဲ။ မြိုင်သာ အဲဒီအချိန်က ကိုကိုတို့ နှစ်ယောက်အနီးမှာ အတူရှိနေခဲ့ရင် ခုလို စခန်းကုန် လမ်းကုန် ဖြစ်ချင်မှ ဖြစ်မှာလို့ ယုံကြည်ပါတယ်။ မြိုင်တော်တော် စိတ်မချမ်းသာပါဘူး ကိုကို။ စာမေးပွဲက ရှေ့လမှာမို့လို့ နှစ်လ၊ သုံးလသာ လိုသေးရင် ကိုကိုတို့ဆီ မြိုင် ပြေးလာမိမှာပဲ။ နောက်ဆုံးနှစ်လည်း ဖြစ်နေလို့။ အမှတ်ကောင်းရမှ တာဝန်ထမ်းဆောင်ရမယ့် ကျောင်းကို လိုချင်တာရွေးလို့ရမယ်ဆိုလို့ မြိုင့်တူမတွေကို စိတ်ညစ်ညစ်နဲ့ ဆူတာ ငေါက်တာမျိုး မလုပ်စေချင်ဘူး ကိုကို။ ကလေးတွေရဲ့ စိတ်ဓာတ်မှာ အနာတရဖြစ်သွားတာမျိုး **စိတ်**ဓာတ်ရေးရာ ချွတ်ချော်သွားတာမျိုး မဖြစ်စေချင်လို့ပါ။

mgyoe.com

mgyoe.com


စာရွက်ကို ပြန်ခေါက်ပြီး အိတ်ထဲသို့ ထည့်သည်။ နောက်သို့ ယိုင်ထားသော ကုလားထိုင်၏ ရှေ့ခြေနှစ်ချောင်းသည် အုန်းဆံကော်ဇောအခင်းပေါ်သို့ ပြန်ကျလာသည်။ စားပွဲအောက်တန်းမှ ခြေခွာ၏။ မြေပုံစာရွက်၊ ဆည်ပုံစံ၊ အဆောက်အဦအတွက် ထုတ်ထားသော ရှေ့နောက်ဝဲယာ အထက်မြင်ပုံတွေ၊ လျှပ်စစ်တိုင်ထူရမည့် နေရာအမှတ်အသား မြေပုံကြမ်း၊ လှေကားထစ်စိုက်ပျိုးခင်းမြေပုံ၊ စားပွဲကိုကြည့်နေရာမှ တံခါးသို့ မျက်လုံး ရောက်သွား၏။ တစ်ယောက်ယောက် တံခါးဖွင့်လိုက်သည်ကို မြင်၏။တစ်ကိုယ်စာဟလာတော့မှ သင်းသင်းကို တွေ့၏။

"မိမို့အတွက် ကစားစရာ လက်ဆောင်ပေးမလို့ ဆရာ"

တစ်တောင်သာသာ စက္ကူဘူး။

"အားနာစရာကြီး သင်းသင်းရာ"

ကိစ္စမရှိပါဘူးဟု သင်းသင်းက ပြောသည်။ ကုလားထိုင်ဆွဲ၍ ထိုင်သည်။ စားပွဲပေါ်သို့ စက္ကူဘူးတင်ပြီး...

"ဝက်ဝံရုပ်လေးဆရာရဲ့။ ပက်လက်လှန်လိုက်ရင် တကွိကွိနဲ့ အော်တတ်တယ်။ မိမိ သဘောကျမှာပါ"

သင်းသင်းသည် ဖြန့်ချထားသော ဆံပင်ကို ရှေ့သို့သိမ်းရင်း ...

"မိမိက ခုကျောင်းတွေဖွင့်ရင် သူငယ်တန်းနေလို့ရပြီလား ဆရာ"

သူ ခေါင်းညိတ်၏။

"တစ်လသာသာတော့ လိုမယ်ထင်တယ်။ မိမိက ဇွန်လ နှစ်ဆယ့်ကိုးမှ မွေးတာ"

သင်းသင်းပြုံးသည်။

"အေဘီအမ် ကျောင်းမှာပဲ ထားမယ် မဟုတ်လား ဆရာ"

မူလတန်းကျောင်းအမှတ်ဖြင့် ပြောလေ့မရှိကြ။ အမည်ဟောင်းဖြင့်သာ နှုတ်ကျိုးနေကြသည်။ ဟုတ်ကဲ့ဟု သူပြောသည်။

"ဒါဆို သင်းသင်း အဒေါ်တို့အိမ်နဲ့ ကပ်လျက်ဆိုတော့ ကောင်းတာပေါ့။ နေ့လယ် ထမင်းစားရင် အဲဒီမှာစားလို့ ရတယ်လေ"

ဟုတ်တယ်၊ အဆင်ပြေတာပေါ့ဟု သင်းသင်းကို ပြောလိုက်သည်။

"လွင်လွင်က ဒီနှစ်ခြောက်တန်း တက်သွားပြီနော်"

ခေါင်းညိတ်လိုက်သည်။ ထိုစဉ် တံခါးပွင့်သံကြား၍ လှမ်းကြည့်လိုက်သည်။

mgyoe.com

ကိုစံတင်က ဖိုင်တွဲတွေပွေ့ကာ အခန်းထဲသို့ ဝင်လာ၏။ တစ်ချက် လှည့်ပြုံးပြီး...

'တိုရှိုဘာကုမ္ပဏီက အင်ဂျင်နီယာတွေ သန်ဘက်ခါ ကျွန်တော်တို့ဆီ ရောက်မယ်လို့ ဖုန်းဝင်လာတယ် ဆရာ"

သူတို့အတွက် တည်းခိုအိမ်တွေ အဆင်ပြေတယ် မဟုတ်လားဟု သူ လှမ်းမေးသည်။ တစ်နေ့ကတည်းက စီစဉ်ပြီးပြီးသားပဲ ဆရာဟု ကိုစံတင် ထိုင်ရင်းဖြေ၏။

❑

mgyoe.com

mgyoe.com

## [၁၄]

ငါးနာရီထိုးပြီးမှ အိမ်သို့ရောက်သည်။ ကားသံကြားကြားချင်း အိမ်ထဲမှ ပြေးထွက်လာကြသော ညီအစ်မ၊ ခြေရင်းဘက် ကားထားရာသို့ အကွေ့တွင် သမီးငယ်က နှုတ်ခမ်းစူပြသည်။ ညနေ ရုံးအပြန် နောက်မကျနဲ့နော်ဟု သမီးငယ်မှာသည်။ ဒီနေ့ ဥပုသ်နေ့၊ သမီးတို့ ကျောင်းပိတ်လို့ ညခြောက်နာရီခွဲပွဲ ရုပ်ရှင်သွားကြည့်မယ်ဟု သမီးငယ်က ပြောလိုက်သည်။

အရှေ့ဖျားနိုင်ငံမှ အင်ဂျင်နီယာများ၊ ပါရဂူများပြန်မည်ဖြစ်၍ ဧည့်ခံပွဲ ကျင်းပပေးရသည်။ အိမ်သည် ဝတ္တရားအရ စကားစမြည် ပြောရဆိုရ ဧည့်ခံရ၍ လေးနာရီလေးဆယ့်ငါးလောက်မှ ဧည့်သည်တွေ ပြန်ကြသည်။ ဌာနသား လုပ်ဖော်ကိုင်ဖက်တွေနှင့် ခဏတစ်ဖြုတ် စကားပြောရသေးသည်။ ကိုယ့် အထက်အရာရှိနှစ်ဦး မပြန်သေး၍ အတူနေပေးရခြင်းလည်းပါသည်။

"ရုပ်ရှင်မမီတော့ပါဘူး"

ကားပေါ်မှဆင်းပြီး သမီးငယ်ကိုချီလိုက်၏။ ပါးကိုဖွဖွနမ်းကာ...

"အစောကြီးရှိသေးတယ်။ တစ်နာရီကျော်ကျော် လိုသေးတယ် သမီးလေးရ"

ကျေနပ်သွားပုံဖြင့် ပြုံး၏။ သမီးကြီးက ...

mgyoe.com

mgyo.com

"ဖေဖေ ပြန်မလာသေးလို့ နှုတ်ခမ်းစူပြီး ကောက်လိုက်တာ ကွေးနေတာပဲ။ အလကား... ကောက်ကွေးမ"

မိမိကိုချီကာ အိမ်ထဲသို့ အဝင်တွင် ထမင်းစားခန်းထဲမှ ဒေါ်နန်းက ဆရာပြန်မလာသေးလို့ မိမိကောက်နေတာ ချော့လို့ကို မရဘူးဟု လှမ်းပြော၏။ သူရယ်ကာ ဟုတ်လားဟု ချီထားသော လက်မောင်းကို တစ်ချက်မြှင့် ဆတ်ရင်းမေး၏။ မိမိ ပြုံးနေသည်။

"သမီးက သူငယ်တန်း ကျောင်းသူကြီး ဖြစ်နေပြီနော်။ စိတ်ကောက်ရင် ကကြီး ခကွေးတွေ စာအုပ်ထဲက ထွက်ပြေးလိမ့်မယ်"

ချီထားရာမှ ကြမ်းပေါ်သို့ ချပေးလိုက်သည်။

"သမီးတို့ ထမင်းစားနှင့်ကြ။ ဖေဖေရုပ်ရှင်ကပြန်မှ စားမယ်"

ညီအစ်မနှစ်ယောက်သည် ထမင်းစားခန်းထဲသို့ ပြေးဝင်သွား၏။ ကြီးကြီးနန်း ခူးပေးမယ်လေဟု ဒေါ်နန်းပြော၏။ သမီးတို့ဘာသာ သမီးတို့ ခူးစားမယ်ဟု နှစ်ယောက်စလုံးက သွက်လက်စွာ ပြောကြသည်။ တံမြက်စည်းလှည်းနေရာမှ ဒေါ်နန်း သူ့ထံသို့လာ၏။ နေ့လယ်က ဆရာကတော်... အဲ... ကလေးတွေ မအေ ဖုန်းဆက်တယ်ဆရာဟု လေသံမှုဖြင့် ပြော၏။

သူ မျက်လုံးဝိုင်းသွား၏။

"ဘာကိစ္စဖုန်းဆက်တာလဲ။ ဘယ်သူ့ကိုဆက်တာလဲ။ လွင်လွင့်ဆီကိုလား"

လေသံ ခပ်ဆတ်ဆတ်။ သို့သော် တိုးတိုး။

"ကျွန်မဆီကို ဆက်တာပါ"

"ဩော်..."

"ဆရာ့ကို ပြောပေးပါတဲ့။ သူ့သမီးတို့နဲ့ တွေ့ချင်လို့တဲ့။ ခွင့်တောင်းခိုင်းတဲ့ သဘောပါပဲ ဆရာ"

တိုက်ပုံအင်္ကျီချွတ်ကာ လက်မောင်းပေါ်တွင် တင်ရင်း...

"တော်တော် ခက်တာပဲ ဒေါ်နန်း။ ငြိမ်နေတဲ့ရေကို သူ ဘာပြုလို့ လာလာ လှုပ်ချင်ရတာပါလိမ့်"

ဒေါ်နန်းသည် အားတုံ့အားနာမျက်နှာနှင့် ရှိနေ၏။

"မိမိ မေ့မေ့ပျောက်ပျောက် ဖြစ်လက်စနဲ့ နေတဲ့ဥစ္စာကို"

သူ စကားမဆက်။ စဉ်းစားရဦးမယ်ဗျာဟုပြောပြီး အိပ်ခန်းဘက်သို့ ထွက်လိုက်

mgyo.com

mgyoe.com


သည်။ လေးလံစွာနှင့်မြိုနင့်နေသော ရင်ထဲတွင် စိတ်လှုပ်ရှားလာရပြန်သည်။ စွန့်ပယ်ခြင်းခံရသူ၌ ပေါ်ပေါက်စမြဲသော မာနသည် ဟုန်းခနဲ ထတောက်လေသည်။ ပိတ်ပင်လိုက်သော် သတ္တိမရှိသူ၏ တွန့်တိုမှု တစ်မျိုးဟု ထင်ချင်ထင်ကြမည်။ ငါက မှန်တဲ့ကောင်ပဲ၊ ငါက အိမ်ထောင်ဖျက်တဲ့ မကောင်းဆိုးဝါးမှ မဟုတ်တာ။ သမီးတွေနဲ့တွေ့ခွင့်ပေးရင် သမီးတွေ သူ့ဘက်ပါသွားမှာ ငါစိုးရိမ်လို့ပဲလို့ အထင်မခံနိုင်ဘူးဟု အတွေးဝင်လာသည်။

တွေ့ခွင့်ပေးလိုက်မည်။ စည်းကမ်းချက်တွေတော့ ထုတ်ထားမှဟု နာကြည်းစွာ စိတ်ကူး၏။ ရေခံပုဆိုးဝတ်ပြီး အိပ်ခန်းထဲမှ ထွက်ခါနီးတွင် သမီးတို့အိပ်သော နှစ်ယောက်အိပ် ခုတင်ခေါင်းရင်းသို့ မျက်လုံးရောက်သည်။ သမီးကြီးထားသော ဓာတ်ပုံ။ သူနှင့်ချိုနှင်းရည်။ သမီးတွေအဖို့ကား ဖခင်နှင့် မိခင်တွဲလျက်ပုံ။ မထားနဲ့ဟု အပြောရခက်လှသည်။

❑

mgyoe.com

mgyoe.com

[၁၂]

ညောင်မုတ်ဆိတ်ပင်အောက်ရှိ နွားနို့ဆိုင်ကို လှမ်းကြည့်ရင်း ဒေါက်တာမြင့်သိန်းဇော် ပြောသည်။

"လွင်လွင်က ထားပါတော့၊ မိမိကပါ ဖေဖေနဲ့အတူတူနေမယ်ပြောတတ်တာ ငါ အံ့သြတယ် မင်းလှိုင်။ သူတော်တော် စိတ်မကောင်း ဖြစ်သွားမှာပဲကွ။ ကလေးတွေက အခင်အမင်မရှိတော့ဘူးလို့ တွက်လိမ့်မယ်သိလား"

သမီးကြီးက သူ့ကို သိပ်စကားဟဟ မပြောလိုက်တာကိုလည်း တွေးမိမှာပါပဲဟု သူပြောသည်။

"ချိုနှင်းရည်က ထင်ချင် ထင်မယ်။ ကလေးတွေကို ငါက သင်ထားသလား စကားသွင်းထားသလားလို့"

"ထင်ချင်ထင်မှာပေါ့"

"ကလေးတွေ စိတ်ဓာတ်ကိုယ်နှိုက်က အဲသလိုဖြစ်နေတာပဲ မြင့်သိန်းဇော်။ သမီးတွေက သူ့ကိုဆန့်ကျင်မုန်းတီးစိတ်ဝင်လာမှာ ငါစိုးတာ အမှန်ပဲ။ တခြားဖအေဆိုရင် ကိုယ့်ဘက်လိုက်တဲ့ သားသမီးဆို သဘောကျမှာပေါ့။ အဲသလို ဖအေမျိုး မဟုတ်ပါဘူးကွာ။ သမီးတို့နဲ့က မအေနဲ့သမီး။ ငါ့ဘက်ကနေနာပြီး မအေကို မရှိမသေ

mgyoe.com

mgyoe.com

ဆက်ဆံမှာ၊ ပေါ့ပျက်ပျက်သဘောထားမှာ ငါမလိုချင်ဘူး။ တစ်ကိစ္စစီ။ တစ်ဆက်ဆံရေးစီ။

ဒေါက်တာမြင့်သိန်းဇော် အလေးအနက် နားထောင်ရင်း ခြေလှမ်းမှန်မှန်လှမ်းနေသည်။ အမွေးထည်ကို ကြယ်သီးစေ့တပ်သည်။

"သမီးတွေကိုလာတွေ့တဲ့အခါ မင်းသတ်မှတ်တဲ့ စည်းကမ်းကို သူ လိုက်နာသားပဲ။ အင်း... ဆွေမျိုးတော်ခဲ့ဖူးတဲ့ သူစိမ်းတွေ ဖြစ်နေပြီကိုး"

သမီးတို့ကိုတွေ့သောအခါတွင် ကိုဝေလင်းနှင့်အတူ မလာရ။ သမီးတို့ တက်ရာကျောင်းသို့သွား၍ မတွေ့ရ။ အိမ်မှာသာ လာတွေ့ရမည်။ ရုံးပိတ်ရက်များတွင် မလာရ။ ရုံးဖွင့်ရက်တွင် လာတွေ့စေဦး မနက် ဆယ်နာရီနှင့် မွန်းလွဲ နှစ်နာရီအတွင်းသာ လာရောက်တွေ့နိုင်သည်။ တစ်နှစ်လျှင် ငါးကြိမ်ထက်ပို၍ မတွေ့ဆုံရ။ ကလေးတွေနှင့် စကားပြောရာတွင် ဖခင်နှင့်ပတ်သက်၍ ဖြစ်စေ၊ မိမိ၏ နောက်အိမ်ထောင်နှင့် ပတ်သက်၍ဖြစ်စေ မပြောရ။ အမည်မှာပင် မဖော်ပြရ။ စည်းကမ်းချက်တိုင်း၏ အဓိပ္ပာယ်ကို သူပြောပြခဲ့သည်။

"တစ်နှစ်မှာ ငါးကြိမ်တွေ့ဆုံခွင့်ပေးတာ များများ များသွားသလားလို့ ငါ တွေးသေးတယ် မြင့်သိန်းဇော်"

"မများပါဘူးကွာ"

"ခဏခဏလာတွေ့နေရင် ကလေးတွေ စိတ်မကောင်းဖြစ်မှာ စိုးရတယ်"

"ဒါတော့ ဒါပေါ့ကွာ... ဒါပေတဲ့လို့လည်း ကလေးတွေကလည်း တစ်ခါတလေ တွေ့ချင်ကြမှာပါ"

အကိုင်းအလက်တွေမှ ဆင်းလာသော မုတ်ဆိတ်မျှင်တွေ ဝိုင်းနေ၏။ ဝါးလုံးစားပွဲ၊ ဝါးလုံးတန်းထိုင်ခုံဝန်းကျင်တွင် အမြစ်မျှင်တွေ ရှင်းနေ၏။ အမြစ်ဟောင်းတို့၏ ညိုမည်းမည်းအရောင်တွေကြားတွင် နီကြင်ကြင်အမျှင်တွေ၊ မြစ်နုဖြူတွေ ကြိုးကြား ကြိုးကြား။

စားပွဲနှင့် ညောင်ပင်ကြားတွင် မီးဖိုနှစ်လုံးပေါ်မှ နို့အိုးတွေ။ ဝါးခြမ်းခင်းပေါ်ရှိ မှောက်ထားသော ဖန်ခွက်လေးတွေ ကြည်လင်ပြောင်လက်လျက်ရှိ၏။ မြောက်ဘက် စားပွဲတွင် ထိုင်နေကြသူ လူငယ်သုံးဦးကို တွေ့ရ၏။ မကြာခဏလာရောက်နေကျ ဖြစ်သောကြောင့် ဟိန္ဒူအဘိုးကြီးက သွားကျဲလေးတွေပေါ်အောင် ပြုံးပြီးနှုတ်ဆက်၏။ ဆံဖြူငုတ်ထင်သော ဦးပြည်း၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး ငုတ်တို
mgyoe.com

mgyee.com

ဖြူဖြူတို့ရှိရာ မျက်နှာ၏ အရေးအတွန့်တို့ကို မြင်ရသည်။

ဝါးတန်းထိုင်ခုံတွင် ထိုင်လိုက်ကြသည်။ ဆရာကြီး... နှစ်ခွက်နော်ဟု ဒေါက်တာမြင့်သိန်းဇော်ကို တစ်နယ်လုံးက ခေါ်နေကျအခေါ်ဖြင့် ခေါ်ပြီးမေး၏။ ဒေါက်တာမြင့်သိန်းဇော် ခေါင်းညိတ်ပြလိုက်သည်။

"အဲဒါကြောင့်လည်း ငါ တွေ့ဆုံခွင့်ပေးခဲ့တာပါ"

"ခုန မင်းပြောလိုက်တဲ့စကား ကြားရတော့... ငါ့ နားထဲ တော်တော်ဆန်းသွားတယ် မင်းလှိုင်"

"ဘယ်စကားလဲ"

သိုးမွေးဂျာကင်ကော်လာကို ထောင်လိုက်ပြီး မေးသည်။ အအေးသည် မနေ့ကထက် ပို၍သည်းလာ၏။

"သမီးတွေက မအေကို ဆက်ဆံရေးထိခိုက်လာမှာ မင်းစိုးတဲ့စကား"

ဪ... ဟု သူပြောကာ...

"မအေမှာရှိတဲ့အပြစ်ကို အကြောင်းပြုပြီး မအေကပြောတဲ့ စကားမှန်သမျှကို အလကားစကားတွေပဲ၊ လေးစားလောက်တဲ့ စကားမျိုး မဟုတ်ဘူးလို့ ယူဆသွားမှာ ငါ စိုးရိမ်တယ်။ သားသမီးနဲ့ မိဘဆိုတာ ဆုံးမစရာဆုံးမ ပြောစရာပြောရမှာပဲ မဟုတ်လား။ ဒါကို ငါးမျှားနေတဲ့ ရသေ့က ကြက်ဥပြုတ်နေတဲ့ ငါ့လို့ဥပုသ်သည်ကို လာပြီး ဆုံးမစရာလိုသေးလားဆိုတဲ့ အတွေးမျိုး မဝင်စေချင်ဘူး။ ဖအေနဲ့ မအေရဲ့ အရေးအခင်းတစ်ခုမှာ ဘယ်သူမှားတယ်၊ မှန်တယ် ဆုံးဖြတ်ချင်ဆုံးဖြတ်ပေါ့ကွာ။ အသိအမှတ်မပြုဘူးဆိုတဲ့ အရာချပစ်လိုက်တာမျိုးကို ငါ ခွင့်မပြုနိုင်ဘူး"

"လွင်လွင်က အနေတတ်တယ်လို့ ငါထင်တယ်"

သူ အင်းလိုက်ပြီးနောက် ...

"မအေကို သိပ်ဟက်ဟက်ပက်ပက် စကားမပြောဘူးလို့ ဒေါ်နန်းပြောပြလို့ သိရတယ်။ အဲဒီအမူအရာဟာ ငါ စိုးရိမ်မကင်း ဖြစ်နေတာတွေရဲ့ အစမျိုးလားလို့ အောက်မေ့လို့"

"သိတတ်တဲ့အရွယ်ဆိုတော့လည်း မအေကို မကျေနပ်တာတွေ ဘာတွေ ဖြစ်ချင်ဖြစ်မှာပေါ့ကွာ"

နွားနို့ဖန်ခွက်နှစ်ခွက်ကို ပန်းကန်ပြားခံ၍ ချပေးသည်။ သုံးဆောင်ပါ ဆရာကြီးတို့ဟူသော စကားကို ပြုံး၍ ပြောသော ဟိန္ဒူအမျိုးသား အဘိုးအို၊ ပင်နီကြမ်း တိုက်ပုံ၊

mgyee.com

mgyoe.com


လုံချည်ကွက်တုံး။

"ဒါထက် မြိုင်က မင်းကို မနေ့ကဘာတွေ မေးနေတာလဲ"

မြင့်သိန်းဇော်ဆိုတဲ့ကောင်က ပုဏ္ဏားတိုင် ဖြစ်နေတာကိုးကွ၊ မင်းနဲ့ နှင်းကိစ္စ အသေးစိတ် မေးတယ်လေ။ ငါ့အိမ်မှာ သူတို့နှစ်ယောက်ကို မင်းပေးစားတဲ့ အဆင့် အထိ။ ငါ့ကိုမြိုင်က ပြောတယ်... ဟု ပြောပြီး စကားခဏရပ်၏။

"ဘာပြောလဲ"

"အိပ်မက်ကြီးလို ဖြစ်နေတယ်တဲ့။ မမနှင်းဟာ ဦးနှောက်မသေးတဲ့ သူပါတဲ့။ ဘာဖြစ်လို့ ဒီလိုဖြစ်သွားရတာပါလိမ့်တဲ့။ သူ နားမလည်နိုင်ဘူးတဲ့ မင်းလှိုင်"

သူ ခပ်တိုးတိုးရယ်လိုက်၏။ ထိုနောက်...

"မြိုင်က ချိုနှင်းရည် မိသားစုနဲ့ သွားတွေ့ခဲ့တယ်တဲ့"

"ဟုတ်လား"

"ဟုတ်တယ်။ သူစာမေးပွဲဖြေပြီး ဒီကိုမလာခင်မှာတဲ့"

"သူ့ကို ဘာပြောလိုက်ကြလဲ"

"ချိုနှင်းရည် ဆိုးကြောင်း၊ မလိမ္မာကြောင်းပေါ့ကွာ။ သူတို့မိသားစုက ချိုနှင်းရည်ကို ပစ်ထားတဲ့အကြောင်းတွေ... ပြောလိုက်ကြတယ်တဲ့။ သူတို့ ဆွေစဉ် မျိုးဆက်မှာ ဒါမျိုး မရှိဘူးတဲ့အကြောင်း၊ ချိုနှင်းရည် တစ်ယောက်သာ ထဖောက်တဲ့ အကြောင်းတွေပေါ့ကွာ"

ဒေါက်တာမြင့်သိန်းဇော် ခေါင်းတညိတ်ညိတ်နှင့် ရှိလေ၏။

"ဒီကိစ္စမျိုးဖြစ်လာရင် ဆွေတွေ မျိုးတွေပါ တစ်နွယ်ငင် တစ်စင်ပါ ထိခိုက်တာ မျိုးကိုး။ မြိုင့်ကို အဲဒါကြောင့် အထင်အမြင်မလွဲအောင် ရှင်းပြကြတာဖြစ်မယ်"

စကားစတွေ ခဏပြတ်တောက်သွားသည်။ နွားနို့ပူပူကို မှုတ်၍ သောက်လိုက် သည်။ ပတ်ဝန်းကျင်ကို မျက်လုံး ဝေ့လိုက်၏။ လိမ္မော်အဆင်းသို့ ကူးကာစနေရောင် သည် မပူနွေးနိုင်တော့။ ညောင်ပင်၏ အရိပ်သည် နှစ်ပြန်စာမျှရှည်နေ၏။ သူ့ကို ကြည့်လိုက် စကားပြောလိုက်နှင့် ရှိနေသော လူငယ်တွေကို မြင်သည်။ စိတ်ကျုံ့သွား လေသည်။

နယ်မြို့တစ်မြို့တွင် သတင်းမကြားသူ မရှိသလောက် ဖြစ်ခဲ့သော ဇာတ်လမ်း။ ချိုနှင်းရည်ရဲ့ ယောကျ်ားက အဲဒီသူပေါ့။ ခွဲစိတ်ကု ဆရာဝန်ကြီးနဲ့ ထိုင်စကားပြောနေတဲ့ အသားဖြူဖြူ၊ ကိုယ်လုံးကိုယ်ထည် ခပ်ပြည့်ပြည့်နဲ့ လူလေဟု တီးတိုးပြောဆိုနေကြ

mgyoe.com

mgyoe.com
လေသလားမသိ။ ရုက်စိတ်သည် သွေးအနံ့ စိမ့်ကာပျံ့သည်။ ဒေါက်တာမြင့်သိန်းဇော်သည် မျက်နှာကဲ ဖမ်းမိဟန်တူ၏။

"ငါပြောမလို့၊ ခုမှသတိရတယ်"

"ဘာလဲ မြင့်သိန်းဇော်"

နွားနို့ဖန်ခွက်ကို ပန်းကန်ပြားပေါ်သို့ ပြန်ချထားပြီး

"သြော်... ပြဿနာ ဖြစ်နေတုန်းက ဝေလင်းက ငါ့ကို ဖြောင့်ချက်ပေးတယ်လို့ပဲ ဆိုပါတော့ကွာ"

"အင်း"

"ဝေလင်းပြောတဲ့ စကားပါ။ သူနဲ့ ချို့နှင်းရည် ကြိုက်နေတာ... တစ်နှစ်ကျော်လောက်ရှိပြီတဲ့။ တွေ့တာက ဈေးသွားရင်းဆုံတယ်... မျက်မှန်းတန်းလာတော့ နှုတ်ဆက်ကြရာက ခင်မင်သွားတယ်။ နောက်တော့ ရင်းနှီးလာတယ်။ ချို့နှင်းရည်က အိမ်ထောင်ရေး ညည်းချင်း ညည်းပြလို့ သနားတယ်ပေါ့ကွာ။ ယောကျ်ားက ဂရုမစိုက်ဘဲ ပစ်စလက်ခတ် ထားတယ်ပေါ့ကွာ။ အဲဒီက စတာ"

"သြော်..."

"ငါက ပြောလိုက်တယ် ပိုလျှံဝန်ထမ်းဆိုတာ ကြားဖူးလားဆိုတော့ ကြားဖူးပါတယ်တဲ့။ တချို့နေရာမှာ ဝန်ထမ်းတွေ ပိုနေတယ်။ တချို့နေရာမှာ လိုအပ်နေတယ်။ လိုအပ်လွန်းတဲ့ ဌာနကလူတွေဟာ ခေါင်းပေါ်မှာ ဆင်ဆယ်ကောင်လောက် ရွက်ထားရတာ။ အဲသလို တာဝန်ကြီးတဲ့ လူစုထဲမှာ မင်းလိုင်တစ်ယောက် အပါအဝင်ပဲ။ ယောကျ်ားကောင်းတစ်ယောက်က နိုင်ငံတာဝန်ကို မနိုင့်အနိုင် ထမ်းနေချိန်မှာ ယောကျ်ားတစ်ယောက်က အလစ်ဝင်ပြီး ဖောက်ပြန်လိုက်တာပဲလို့ ငါပြောတော့ ဟုတ်ပါတယ်တဲ့။ ဒါပေမဲ့... ချို့နှင်းရည် အခိုက်အတန့် မကျေနပ်တာကို အကြီးအကျယ်လို့ သူတွက်ခဲ့မိတာကြောင့်ပါတဲ့"

သူ နှုတ်ခမ်းစေ့စေ့ထား၏။ ဒေါက်တာမြင့်သိန်းဇော်သည် အခင်းဝါးလုံးကို လက်ညှိုးဖြင့် တတောက်တောက် တောက်ရင်း စကားဆက်၏။

"သူမှားတာ သူသိပါတယ်တဲ့။ မှားတာက ချေဖျက်မရ၊ အစားထိုးမရတဲ့ အမှားပါတဲ့။ လူ့ကျင့်ဝတ်အရရော၊ ဘာသာရေးအရရော၊ တရားဥပဒေအရရောတဲ့။ ပြီးတော့ မင်းဟာ သူ့အသက်သခင် ဖြစ်နေပါပြီတဲ့"

သူ မဲ့ပြုံးကို နားလည်စွာ ပြန်လည်ပြုံးသည်။

mgyoe.com

mgyoe.com


"အသက်သခင်ဆိုတဲ့စကားကို မင်း စဉ်းစားကြည့်။ သူ့အသက်ကို သူ တန်ဖိုးထားပြီး ပြောတဲ့စကား။ ဘဝကို နှမြောရကောင်းမှန်း၊ အသက်ကို တန်ဖိုးရှိမှန်း သိပြီးတော့ ပြောတဲ့စကား သူငယ်ချင်း။ ဒီကောင် မလွယ်ပါဘူး။ လူ့လောကက တိုက်ကျွေးတဲ့ ဆေးခါးကြီးအရသာကို ဘဝချဉ်းအောင် ခံစားသွားရမှာ သေချာတယ်။ ဟင်း... မလွယ်ပါဘူး"

သူ့ကိုကြည့်ရင်း သက်ပြင်းမှုတ်ထုတ်သည်။ တစ်နှစ်ကျော် နှစ်နှစ်ကာလ ကြာမြင့်ခဲ့သည်အထိ ပိရိသေသပ်စွာ ဟန်ဆောင်ကောင်းခဲ့သူ ချို့နှင်းရည်ကို ရုတ်ခြည်း မြင်ယောင်သည်။ မသက်ဖွယ် မနေခဲ့၍လား၊ မသင်္ကာသော နား၊ မျက်လုံးတို့ မမွေးခဲ့၍လားတော့ မသိ။ ဟော်ပျက်ကုန်းပေါ်တွင် တွေ့ခဲ့ရသောအမြင်ကို မျက်စိမှောက်မှားသည်ဟု ယခုထိ ထင်ချင်သေးသည်။

အအေးငွေ့သည် မြေပြန့်ထက် စူးလေ၏။

❑

mgyoe.com

mgyoe.com

[၁၆]

သမီးတွေကို လာတွေ့သော ဒုတိယအခေါက်တွင် ချိုနှင်းရည်သည် မြိုင်နှင့် အေးအေးဆေးဆေး စကားပြောခဲ့ရသည်ဟု သိရသည်။ နှစ်နာရီမထိုးမီ ပြန်မည် ပြုသောအခါ နေပါဦး... စကားပြောရင်း တန်းလန်းကြီးဟု မြိုင်က ပြောသည်။ နှစ်နာရီအထိပဲ အချိန်ပေးထားတာဟု ချိုနှင်းရည်က ပြောသည် ဆို၏။ ငါ့စည်းကမ်းကို မဖျက်နဲ့ မိမြိုင်ဟု သူပြောလိုက်သည်။ သိပါတယ် ကိုကို၊ ဒါကြောင့်လည်း မြိုင် မတားတာပါဟု သူ့ကို ပြောသည်။ မြိုင့်ကို သူ ခပ်ရှိန်းရှိန်း ဖြစ်နေသည်။ မြိုင်က အရင်ကလိုပဲ ဆက်ဆံတော့မှ ပြောရဲ ဆိုရဲ ရှိလာတာဟု ပြောပြသည်။ ကျန်ခဲ့သော လဆန်းပိုင်းက တတိယ အခေါက်လာသည်။

ကလေးတွေအတွက် အဝတ်အထည်တွေ ဝယ်လာသည်။ နောင်ကို ဝယ်မလာ စေနဲ့။ ကလေးတွေကို သူရှာဖွေတဲ့ ငွေကြေးနဲ့ ဆင်တာမဟုတ်ဘူး။ သူ့ ယောကျ်ားဆီက ပိုက်ဆံနဲ့ ဝယ်လာတာတွေ၊ ကလေးတွေ ကိုယ်ပေါ်မှာ အဲဒီ အဝတ်အထည်တွေ ငါ မမြင်ချင်ဘူး မြိုင်။ ဒီတစ်ခါလာရင် ပြောလိုက်ဟု သူဆို၏။

“မမနှင်းကို ကြည့်ရတာ စိတ်မချမ်းသာတာတော့ အမှန်ပဲ”

“ငါ ဖန်တီးတဲ့ကိစ္စ မဟုတ်ဘူးလေ”

mgyoe.com

mgyoe.com


မြိုင်၏ ဖြူသော ပါးနှစ်ဖက်သည် တင်းသွား၏။

"သူပြောတဲ့ဆိုတဲ့စကား ထောက်ကြည့်ရတော့ ကိုဝေလင်းနဲ့ အဆင်ပြေပုံမတူဘူး။ ကိုဝေလင်းကိုလည်း ကိုဝေလင်း မိသားစုက ကြဉ်ထားကြတယ်တဲ့။ မမနှင်း မိသားစုက ဝိုင်းပယ်ထားတာမျိုးပေါ့"

"ကိုဝေလင်းနဲ့ အဆင်မပြေလည်း နောက်တစ်ယောက်ရှာ။ သနားလောက်အောင် ညည်းပြ။ နောက်တစ်လင် ထပ်ယူလိုက်ရင် ပြီးတာပဲ"

မြိုင်က နှာခေါင်းရှုံ့ပြီး။ ဟာ... ကိုကိုကလည်း ပြောလိုက်တာ ပစ်စလက်ခတ်ကြီးဟု ညည်းညည်းညူညူ ပြောသည်။ မမနှင်း အလုပ်လျှောက်ထားတယ်လို့ ပြောတယ် ကိုကို။ တက္ကသိုလ်တစ်ခုခုမှာတဲ့ဟု ပြောသည်။ အင်းအင်းအဲအဲ သူမပြု။ ခဏကြာမှ မြိုင်ဆက်၍ပြောသည်။

"သူ့ကိုယ်သူ ဒီအဖြစ်မျိုး ဖြစ်သွားလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးမိခဲ့ဘူးတဲ့။ သူ ဘယ်လိုဖြစ်သွားမှန်း သူ့ကိုယ်သူ မစဉ်းစားတတ်ဘူးတဲ့"

မှန်သွားတာကိုးဟု ပြောမည်ပြင်ပြီးမှ မကောင်းပါဘူးလေဟု တွေးကာ နှုတ်ဆိတ်လိုက်သည်။

"ဘဝမှာ ပြင်မရတဲ့ အမှားလို့ သူကောင်းကောင်းကြီး သိသွားပါတယ်တဲ့"

"သိပါမှပဲ"

မြိုင်၏ မျက်ခုံးပါးပါး နှစ်ဖက်သည် ခပ်ကျုံ့ကျုံ့။

"ငါ သူ့နာမည်ကို ကြားတောင် မကြားချင်ဘူး မြိုင်။ အမှန်အတိုင်းပြောတဲ့စကားပါ"

"စိတ်နာစရာတော့ စိတ်နာစရာပေါ့ ကိုကိုရာ။ ဒါပေမဲ့ စိတ်သဘောထားအကောင်းဆုံး အမြင့်မြတ်ဆုံးနဲ့ ကိုကိုနေခဲ့တာရော၊ လက်တွေ့ပြုမူလိုက်တာရော သူ သိပါတယ်။ ခွင့်လွှတ်လက်စနဲ့ ခွင့်လွှတ်ထားလိုက်ပါ"

"ငါ့နေရာမှာ တော်ရုံသတ္တိနဲ့လူသာဆိုရင် ရှက်တာနဲ့ ကိစ္စတုံးပြီ"

"သူလည်း သွေးအေးလာတော့ တဖြည်းဖြည်း စဉ်းစားမိလာပုံပါပဲ"

"သမီးတွေကို အကြောင်းပြုပြီး ငါ့ပတ်ဝန်းကျင်ကို သူ လာလာနေသမျှ အရှက်နာက ကျက်ကို ကျက်မှာမဟုတ်ဘူး မြိုင်။ ခက်တာက ကလေးတွေကို သူနဲ့ ထားဖို့ကျတော့လည်း မဖြစ်ဘူး။ သမီးမိန်းကလေးတွေမို့လို့ ပိုခက်တယ်။ တစ်ခါတလေကျတော့လည်း ကလေးတွေနဲ့ ငါ တွေ့ခွင့်ပေးမိတာ မှားသလား ထင်မိတယ်"

mgyoe.com

mgyoe.com

"ဒီလိုတော့လည်း ဘယ်ဟုတ်မလဲ ကိုကို"

မြိုင်၏ မျက်မှန်သည် ခပ်ငိုက်ငိုက် ခပ်တွဲတွဲ၊ အောက်နှုတ်ခမ်းကို သွားတက်ဖြင့် ဖိထား၏။

"ငါ သိတတ်တဲ့စိတ်က ငါ့ကို ဒုက္ခပြန်ပေးတာမျိုးလားလို့တောင် ဥပဒ် ဖြစ်ချင်တယ်"

မြိုင်သည် သူ့စကားတွေကို အာရုံစိုက်နေ၏။

"ဖြစ်နိုင်ရင်... ဒီတစ်သက် ဒီဘဝ မျက်နှာချင်းလည်း မဆုံချင်ဘူး၊ ပတ်ဝန်းကျင် ချင်းလည်း စည်းခြားပြီး နေချင်တယ်။ သမီးတို့ကြောင့် ငါ အလျှော့ပေးပြီးနေရတာ။ အောင့်သည်း အောင့်သက် ခုတုတုကြီး"

မြိုင် သဘောပေါက်တယ် ကိုကိုဟု ခေါင်းညိတ်ပြီး ပြောသည်။

*

မူလတန်းကျောင်း ဝန်းကျင်တွင် ကျောင်းသူ ကျောင်းသားတွေ မတွေ့ရ။ စာမေးပွဲချိန် ကုန်သွားဟန်တူ၏။ ကျောင်းနှင့် တစ်ဝင်းထဲရှိ ဘုရားရှိခိုးကျောင်းရှေ့သို့ ရောက်သောအခါ ကားစက်ရှိန် လျှော့လိုက်သည်။

"မိမိတို့ စောင့်ရလို့ ပျင်းများပျင်းနေကြမလား မသိဘူး"

သင်းသင်းပြောသည်။ သင်းသင်း ထိုင်ရာ လက်ယာဘက်သို့ ဆတ်ခနဲ တစ်ချက်လှည့်ပြီး ...

"ဆယ့်နှစ်နာရီခွဲပြီးလို့ ငါးမိနစ်ပဲရှိသေးတယ်။ ဒီဘက်နှစ်ထဲမှာ ဆယ့်နှစ်နာရီခွဲ ရုံးဆင်းရတာဆိုလို့ ဒီတစ်ကြိမ်ပဲ ရှိသေးတယ်"

သူ့ကိုကြည့်ပြီး သင်းသင်း ရယ်သည်။

"ဒေါ်လေးတို့က မိမိတို့ ညီအစ်မရော၊ မြိုင့်ကိုရော ခင်နေကြပြီ ဆရာ..."

သင်းသင်းတို့ အိမ်ဝင်းထဲသို့ ကားကွေ့ပြီး ဝင်လိုက်သည်။ ဆင်ဝင်အောက်သို့ အရောက်တွင် စက်သတ်လိုက်သည်။ သင်းသင်းသည် ဝါးခြင်းကိုဆွဲကာ အရင်ဆင်း သည်။ သူဆင်းပြီး တံခါးပြန်ပိတ်စဉ် ဖေဖေကြီးဟူသော ခေါ်သံကြား၏။ ဖွင့်ထား သော သံတံခါးကိုကိုင်ကာ ပြုံးနေသော မိမိ။

"စာမေးပွဲ ဖြေနိုင်လား သမီး"

ခေါင်းညိတ်ပြီး ဖြေနိုင်တယ်ဟု မိမိပြောပြီး ဆင်းလာ၏။ လှေကားအောက်ထစ်

mgyoe.com

mgyoe.com


သို့ ရောက်ခါနီးတွင် လွင်လွင် ပြေးဆင်းလာ၏။ ညီမလက်ကို ဆွဲကာ လျှောက်လာသူ လွင်လွင့်အား...

"သမီးကြီးရော... မြန်မာစာ ဖြေနိုင်လား"

"ရပါတယ် ဖေဖေ"

ထိုစဉ် သင်းသင်း၏ အဒေါ်နှင့် မြိုင်တို့ကို တံခါးဝတွင် တွေ့ရလေသည်။

*

သမီးနှစ်ယောက်သည် သူ့ဘဝကို အစိုးမိုးဆုံးသူများ ဖြစ်လာသည်ဟု ခံစားသိရှိလာသည်။ မကောင်းလှသော အိမ်ထောင်ရေးအကြောင်းကို နေ့စဉ်မတွေးဖြစ်တော့။ ချိုနှင်းရည်ဟူသော အမည်ကို မိမိနှင့် သက်ဆိုင်ခြင်းမရှိသူ၏ အမည်ဟု နားလည်လာသည်။ သီးခြားဘဝ၊ သီးခြားအနေအထား၊ ရင်သည်းပွတ်ကို တစ်စတစ်မှုန်စီဖြစ်အောင် ဖောက်ခွဲဖျက်ဆီးခဲ့သူတစ်ဦး၏ အမည်သည် နား၌ပင် မယဉ်။

တစ်ခါတရံတွင် ဘာဖြစ်လို့ပါလိမ့်ဟု အကြောင်းအရာ စစ်၍ ကြည့်သည်။ ပြောပလောက်အောင် ကြီးကျယ်သော အချက်အလက်မရှိ။ ခွင့်မလွှတ်နိုင်အောင် လျစ်လျူရှုခြင်းမျိုး သူ့၌မရှိ။ မကျေနပ်ဖွယ်ဖြစ်စေသော ချွတ်ယွင်းချက် သူမပြုခဲ့၊ မရှိခဲ့။ ချိုနှင်းရည်နှင့် စကားများခြင်း၊ ရန်ဖြစ်ခြင်း ဟူ၍ အိမ်ထောင်ရေးတစ်လျှောက်တွင် မရှိခဲ့။ တေးမှတ်ငြိုငြင်စရာအထိ မရှိခဲ့ဟု ပြန်လည်တွေး၍ရသည်။

သို့သော် ချိုနှင်းရည်သည် မိုးမှုန်တို့ကို တစ်မှုန်ချင်းစုကာ အိုင်၊ အင်း၊ သမုဒ္ဒရာ ဖြစ်စေခဲ့သလားတော့ မပြောတတ်။ တစ်ဆယ့်နှစ်နှစ်တာကာလအတွင်း စုဆောင်းထားသမျှ အလုံးစုံသည် ကြီးကျယ်ထိတ်လန့်စဖွယ် ထိုအဖြစ်ကို ဖန်တီးနိုင်အောင် လုံလောက်ခဲ့သလား မဆိုတတ်။

အိမ်ထောင်ရေးဘဝအသစ်ကို တစ်ဖန်ထူထောင်လိုသော ချိုနှင်းရည်သည် အံ့ဖွယ်မဟုတ်လေကာမူ၊ နားမလည်နိုင်စရာ။ ဆင်ခြင်တုံတရား ကင်းမဲ့သော သတ္တိဆိုးကို မွေးရဲခဲ့သူ။ ကလေးတွေ၏ အနာဂတ်မျက်နှာကို မငဲ့ကွက်နိုင်အောင်ပင် ဖြစ်ခဲ့ရသည်။ သစ္စာမဲ့ရက်ခဲ့သူ။ အကြင်နာကင်းရက်ခဲ့သူ။

ရင်ထဲတွင် အတွေးဖြင့် နာကျင်လာ၏။

ဝမ်းနည်းမည်ပြင်သော နှလုံးသည်းပွတ်တွင် အရှက်ဖုံးလာ၍ အံကြိတ်

mgyoe.com

mgyoe.com
လိုက်သည်။

*

အတူနေလာခဲ့သော ဓလေ့သည် ယခုအထိ အယောင်ယောင် အမှားမှား ဖြစ်စေတတ်သေးသည်။ အမှူမဲ့ အမှတ်မဲ့ နေမိသောအခါများတွင် ချိုနှင်းရည်သည် အတူတကွ အပါးတွင်ရှိသည်ဟု ထင်ယောင်ထင်မှား ဖြစ်နေတတ်သေးသည်။ ဒေါ်နန်းရေ... သမီးကြီးရေ... သမီးလေးရေ... ဟူသော အခေါ်နေရာတွင် နှင်းရေ...ဟု သုံးလေးကြိမ်မက မှားကာ ခေါ်မိခဲ့သည်။

စိုပြည်၍ ပျော်ရွှင်စဖွယ်အိမ်သည် သေ့သေ့ဖွယ်ဖွယ်ဟု ခံစားနေရသည်။

တစ်နှစ်ပတ်လည် နီးလာသောအခါတွင် အထိုက်အလျောက် နေသားတကျ ရှိလာသည်ဟု ထင်၏။

ပကတိအတိုင်း ပြန်လည်မဖြစ်တော့ဟုကား တစ်ဘဝစာ နားလည်သည်။

❑

mgyoe.com

mgyoe.com

## [၁၇]

တာဝန်ကျ ဝတ်စုံဖြူကို ချိတ်တွင်ချိတ်ပြီး ကုလားထိုင်တွင် ထိုင်သည်။ ပခုံးပေါ်မှ နားကြပ်ကိုယူကာ လက်ဆွဲအိတ်ထဲသို့ ထည့်သည်။ စားပွဲပေါ်ရှိ မှောက်ထားသော စာအုပ်ကိုယူကာ စက္ကူရွက်လေးညှပ်ပြီး ဖုံးသည်။ အိမ်မှာ ထမင်းစားကြွာ ဟု သူ့ကို လှမ်းပြော၏။ သံမဏိဗီရိုစိမ်းရှေ့တွင် ရပ်နေသော သူ့ကို ငါ ပြောစရာ လည်းရှိလို့ဟု ဆက်၍ပြောသည်။ သူ ခေါင်းညိတ်သည်။ ဒေါက်တာ မြင့်သိန်းဇော်ကို သူပြုံးကာ...

"မင်း မိန်းမယူတော့မယ့်စကားလား၊ ဒါမှမဟုတ် ငါ့ကို မိန်းမယူဖို့ တိုက်တွန်း စကားပြောမလို့လား"

သူ့ကိုကြည့်ပြီး တဟားဟား ရယ်လေ၏။

"တစ်ခုခုပေါ့ မင်းလှိုင်ရာ"

ဆေးရုံမှ အိမ်သို့ သွားရာလမ်းတွင် ငါ့ပတ်ဝန်းကျင်မှာ ဇာတ်လမ်းတွေကို မနည်းဘူး။ ခက်တာက မင်းတို့ ငါတို့ ငယ်သူငယ်ချင်းတွေထဲမှာ စာရေးဆရာတစ်ယောက်မှ မရှိတော့ ခွကျတယ်ဟု ပြောသည်။ မင်းအဖြစ်လို ကြုံရတဲ့သူတွေ မင်း တစ်ယောက်တည်းမှ မဟုတ်တာ။ အင်းလျားက နယ်လီရယ်၊ မာလာက သီသီထွန်း

mgyoe.com

mgyoe.com

ရယ်ဆို သူတို့ယောက်ျားတွေက နောက် မိန်းမကိုယ်စီနဲ့၊ ငါနဲ့ တစ်တန်းတည်း ဒေါက်တာကြည်မြိုင်တို့ဆိုလည်း မင်းကြုံရတာမျိုး ဇာတ်လမ်းတွေမှ မနည်းဘူးဟု ပြောသည်။ အိမ်သို့ရောက်ပြီး အမောဖြေ၊ ရေမိုးချိုးကြသည်။ ထမင်းစားသောက်ပြီး သောအခါ

"ဒီလိုကွ မင်းလှိုင်"

ပက်လက်ကုလားထိုင်တွင် ဘေးတိုက်ထိုင်ပြီး စကားစသည်။

"မနက်က ချိုနှင်းရည် ငါ့ဆီလာတယ်"

"ဘာလဲ ဗိုက်လာအပ်တာလား"

ဟာ... ငါ့လခွီး၊ အကောင်းပြောမလို့ပါကွဟု ရယ်သံဖြင့် ငေါက်သည်။ ကဲပါ... ပြောပြောဟု သူရယ်ရင်း ပြောသည်။ ဒေါက်တာမြင့်သိန်းဇော် ချက်ချင်းမပြောနိုင်။ ရယ်နေသည်။ မင်းကွာ ကြဲကြဲဖန်ဖန်ဟု ရယ်သံရောပြီး ပြောသည်။ ခဏကြာမှ

"တခြားမဟုတ်ဘူး။ ဝေလင်း ပျောက်သွားလို့တဲ့"

သူ့နှုတ်ခမ်း တည်စပြုလာ၏။ ဒေါက်တာမြင့်သိန်းဇော်၏ မျက်နှာကို အကဲခတ်သောအကြည့်ဖြင့် ကြည့်သည်။

"သုံးရက်ရှိသွားပြီတဲ့။ သူတို့နေတာ မန္တလေးမှာလေ။

မန္တလေးဝန်းကျင်ကော ဒီက ဝေလင်းတို့ဆွေမျိုးဆီကော စုံစမ်းတာ ဘာ သတင်းမှမရဘူးတဲ့။ သူသွားပြောမှ ဝေလင်းမိဘတွေသိပြီး ရှာကြဖွေကြ စုံစမ်းကြ တယ်တဲ့။ အဲဒါပဲ သူငယ်ချင်း"

သူ မျက်မှောင်ကြုတ်ထားသည်။

"သူတို့စကားများခြင်း ဘာခြင်းမရှိဘူးတဲ့။ တစ်ခုတော့ ပြောတယ်"

ဒေါက်တာမြင့်သိန်းဇော် ခဏရပ်သည်။ ထိုနောက်မှ...

"သူတို့ အိမ်ထောင်ရေးဟာ အစကတည်းက အဆင်မပြေဘူးတဲ့။ အဲဒါက လည်း ဝေလင်းက မကြာခဏ ညည်းတယ်တဲ့။ သိပ်မှားတယ်တဲ့။ သူ့ကိုယ်သူ အိမ်ထောင်ဖျက်တဲ့ မကောင်းဆိုးဝါးတဲ့။ အသက်ကယ်တဲ့ ကျေးဇူးရှင်ရဲ့ မျက်နှာကို မြင်မြင်ပြီး စိတ်မချမ်းသာဘူးလို့ ခဏခဏ ညည်းတယ်တဲ့။ ဒေါက်တာမြင့်သိန်းဇော် ပြောလိုက်တဲ့ စကားတွေကလည်း အိပ်မက်ထဲအထိ လိုက်လိုက်ခြောက်နေသလိုပဲလို့ လည်း ဝေလင်း ပြောတယ်"

အိမ်ရှေ့နှင်းဆီအိုးတွေဘက်သို့ သူငေးရင်း နားထောင်နေသည်။

mgyoe.com

mgyoe.com


"မင်းကို ချိုနှင်းရည် လာပြောတဲ့ အခိုပွာယ်က"

"သူကြုံရတဲ့ ပြဿနာကို ပြောဖို့လူ စိတ်ကူးတော့ ငါ့ကိုပဲ မြင်လို့ လာပြောတာနဲ့ တူပါတယ် မင်းလှိုင်"

"ဖြစ်နိုင်တယ်"

"သူ အိမ်ကိုများ ဝင်သွားသေးလား မသိဘူး"

"သွားမယ်မထင်ဘူး၊ တစ်ရက်ကြိုပြီး တွေ့ခွင့်တောင်းထားတာ မဟုတ်တော့ ကျွန်မ သွားလို့မဖြစ်ဘူးတဲ့။ ငါမေးလိုက်ပါသေးတယ်။ သူ မန္တလေးကိုပြန်မယ်လို့ ပြောသွားတယ်"

မိုးမအုံ့သော်လည်း မိုးဖွဲတွေကျလာ၏။ နှင်းဆီရွက်တို့၏ အစိမ်းရောင်သည် ပို၍စိုလာ၏။ လေတစ်သုတ် နှစ်သုတ်ဝေ့သည်။ အဖြူရောင် နှင်းဆီပွင့်တွေ ယိမ်းယိမ်း လှုပ်သွား၏။

*

သရက်ပင်ရိပ်သည် ခြံရှေ့ပိုင်း တစ်ခုလုံးနီးနီး လုံနေ၏။ မိုးနှောင်း နေရောင်သည် ပူပြင်းလှ၏။ အရိပ်ထဲမှ မျောပါလာတတ်သော လေညင်းတွင် တောင်ခိုးနှင့်မြူနံ့တွေ ခပ်ပါးပါး ဝင်နေသည်။ မျက်နှာချင်းဆိုင်ချ ထားသော ပက်လက်ကုလားထိုင်ကြားရှိ လေးထောင့်စားပွဲပုပေါ်သို့ စားစရာ သောက်စရာတွေ ရောက်လာ၏။ မြိုင်က လက်သုတ်ပဝါကို လက်ဖက်ရည်ကြမ်းကရားကိုင်းပေါ်သို့ တင်၏။

"ရန်ကုန်အပြန် အထူးအဆန်းတွေ ဘာများပါလဲ"

ဒေါက်တာမြင့်သိန်းဇော်က လှမ်းမေးသည်။ မြိုင်က ပြုံးကာ...

"ပဲပုပ်ရယ်၊ မုန့်ညင်းချဉ်ရယ်၊ ကောက်ညှင်းဆန်ရယ်... ပါပါတယ်"

မြိုင် ပြက်လုံးကြောင့် ရယ်ကြသည်။ လက်ဖက်ရည်ကြမ်းနှင့် မြည်းရန် ပဲပုပ်မီးဖုတ်ဆီဆမ်း ပန်းကန်ကို သူ လှမ်းကြည့်၏။

"လာမယ့် ကျောင်းဖွင့်ချိန်ဆိုရင် မြိုင် ဒီမှာ အလုပ်ဝင်ရပြီပေါ့နော"

"ဟုတ်ကဲ့ရှင့်..."

ဒေသလေသံပါသော မေးသံ၊ ဖြေသံ။ သုံးယောက်သား တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ရယ်သည်။

"ဘယ် အထက်တန်းကျောင်းမှာ ရမယ်ထင်လဲ၊ တစ်လား၊ နှစ်မှာလား"

mgyoe.com

mgyoe.com

"နှစ်မှာရဖို့ ပိုသေချာပါတယ်။ နှစ်ဆိုတော့ လွင်လွင်နေတဲ့ ကျောင်း မဟုတ်လား၊ ပိုကောင်းတာပေါ့"

ဒေါက်တာမြင့်သိန်းဇော် ခေါင်းညိတ်သည်။ မြိုင်သည် အိမ်ဘက်သို့ ပြန်ထွက်သွား၏။ ဒေါက်တာမြင့်သိန်းဇော်သည် သူ့ကို တစ်ချက်ကြည့်ကာ...

"ဓာတ်ပုံတစ်ပုံ ပြစရာရှိတယ်"

လက်ဆွဲသေတ္တာကို ကုလားထိုင်ဘေးတွင် ကပ်ထောင်ထားရာမှ ယူ၏။ ခလုတ်နှစ်ဖက်ကို ဖွင့်ပြီး အဖုံးမသည်။ တောင်ဆုပ်သာသာ စက္ကူအိတ်တစ်အိတ် ထုတ်ယူသည်။ လက်ဆွဲသေတ္တာကို ပြန်ပိတ်ပြီး ပေါင်ပေါ်တွင်တင်သည်။ သူ့ထံသို့ လှမ်းပေးသည်။ အဖုံးလှျာကို ဟနေစဉ်...

"တမြန်မနေ့က ရိုက်ယူထားလိုက်တာ၊ မနေ့ညနေကမှ ဓာတ်ပုံဆိုင်က ယူလာတာ"

ဆယ်လက်မ၊ ဆယ့်နှစ်လက်မ ဓာတ်ပုံစက္ကူ၊ အချော အပြောင်၊ လက်သုံးလေးသစ်သာသာ အပြင်ရောက်လာသောအခါ လက်ရေးတွေ တွေ့ရ၏။ စက္ကူကို ဆွဲထုတ်လိုက်သည်။ မမနှင်းဟူသော ခေါင်းစဉ်။ မမြင်ဖူးသော လက်ရေး၊ စာကြောင်းတွေ အောက်ပိုင်းသို့ ကြည့်သည်။ ဝေလင်းဟု လက်မှတ်ထိုးထား၏။ ဒေါက်တာမြင့်သိန်းဇော်ကို ဖျတ်ခနဲ လှမ်းကြည့်ပြီး စာကိုဖတ်သည်။

> မမနှင်းကို ပါးစပ်နဲ့ပြောဖို့ သိပ်ခက်ခဲတဲ့အကြောင်းမို့လို့ ကျွန်တော် စာရေးပြီး ပြောရတာပါ။ ကျွန်တော် အိမ်က ထွက်သွားသွားချင်း ပေးထားခဲ့ဖို့ ရည်စူးပေမဲ့ ရေးချိန်မရလို့ မရေးခဲ့ရပါဘူး။ ရန်ကုန်ရောက်မှ ရေးလိုက်ရတာပါ။ ကျွန်တော့် အပြုအမူကို မမနှင်း နားလည်ချင်မှ နားလည်မှာပါ။ တစ်ခုတော့ မမနှင်း သိပါလိမ့်မယ်။ ကျွန်တော်နဲ့ မမနှင်းရဲ့ အိမ်ထောင်ရေးဟာ နေ့စဉ်နဲ့အမျှ စိတ်မချမ်းသာစရာ အိမ်ထောင်ရေးဆိုတာကိုပါ။ မမနှင်းကိုယ် မမနှင်း သိသလို၊ ကျွန်တော့်ကိုယ်ကျွန်တော်လည်း သိပါတယ်။ မမနှင်းကို မြင်လိုက်ရင် ဦးမင်းလှိုင်ကို ကျွန်တော် မျက်လုံးထဲက ဖျောက်ဖယ်ထားလို့ မရခဲ့ဘူး။ တစ်ရက်မျှမရခဲ့ဘူး။ နေ့စဉ်နဲ့အမျှ ကိုယ့်ကိုယ်ကိုယ် စက်ဆုပ်တဲ့စိတ်၊ မသတီတဲ့စိတ်တွေ တိုးတိုးလာပါတယ်။ ဟန်ဆောင်ပြီး နေနေကြရတာမှန်းလည်း ကျွန်တော်တို့ နှစ်ယောက်စလုံး သိနေကြပြီပဲ မမနှင်း...။

mgyoe.com


ကျွန်တော် အကောင်းဆုံး စိတ်ကူးပြီး ဆုံးဖြတ်လိုက်ပါတယ်။ စိတ်ဆင်းရဲတဲ့ဒဏ်ကို ကျွန်တော် မခံမရပ်နိုင် ဖြစ်လာလွန်းလို့ မမနှင်းအပါးက ထွက်ခွာခဲ့ရတာပါပဲ။ ကျွန်တော် ကျူးလွန်တဲ့ အဲဒီအပြစ်ကို ဆေးကြောတဲ့ အနေနဲ့ ကျွန်တော့်မိဘ ညီအစ်ကို မောင်နှမတွေ၊ ဦးမင်းလှိုင်တို့ သားအဖတွေ နေကြတဲ့ ဒီမြေဒီရေပေါ်က စွန့်ခွာသွားဖို့ စိတ်ဆုံးဖြတ်လိုက်ပါတယ်။ ဒီကမ္ဘာမြေရဲ့ တစ်နေရာရာမှာ သွားနေလိုက်ပေမဲ့ အရာရာဟာ ပင်ကို အတိုင်း ပြန်မဖြစ်တော့တာလည်း ကျွန်တော် နားလည်ပါတယ်။ မမနှင်းရဲ့ ဘဝကို ပျက်စီးရာပျက်စီးကြောင်း ကြံစည်သလို ဖြစ်သွားခဲ့တာတွေကိုလည်း တောင်းပန်ပါတယ်။ ကျွန်တော့်ကို ခွင့်မလွှတ်ပါနဲ့ မမနှင်း...။

စာအဆုံးတွင် ဒေါက်တာမြင့်သိန်းဇော်ထံသို့ လှမ်းကြည့်လေသည်။

"တမြန်မနေ့က ချိုနှင်းရည် ဆေးရုံကို လိုက်လာတယ်။ အဲဒီစာ ပေးဖတ်တယ်။ ငါ ဓာတ်ပုံရိုက်ယူထားလိုက်တာကို သူ့တောင် မပြောလိုက်ပါဘူး"

ဓာတ်ပုံစာရွက်ကို အိတ်ထဲသို့ ပြန်ထည့်ပြီး လှမ်းပေးလိုက်သည်။

"မင်းယူထားဖို့ပါ"

"ဘာလုပ်ဖို့လဲ မြင့်သိန်းဇော်"

"မင်းဘဝမှာ အမှတ်တရအဖြစ်ကြီးပဲကွာ။ ဒါနဲ့ပတ်သက်တဲ့ အထောက်အထား တစ်ခုကို သိမ်းချင်သိမ်းထားရအောင်ပါ..."

"မလိုပါဘူးကွာ"

"မသိမ်းချင်လည်း အိမ်မှာတော့ ယူထားဦး၊ မင်းညီမကို ပြောပြပြီး ပေးဖတ်လိုက်ပေါ့။ နောက်မှ ငါ ပြန်ယူမယ်"

သူ ခေါင်းညိတ်၏။ စားပွဲပေါ်သို့ တင်ထားလိုက်သည်။

"တစ်နှစ်ခွဲကျော်ကျော်မှာ ဇာတ်လမ်းတစ်ပုဒ် ပြီးဆုံးသွားပုံကို ငါ သံဝေဂရတယ် မင်းလှိုင်"

စားပွဲပေါ်ရှိ ငါးဆယ်ဝင် ဒူးယားသံဘူးကို လှမ်းယူသည်။ အဖုံးဖွင့်သည်။ ဘူးသစ်။ အဖုံးရှိလျှာချွန်ကို လက်မလက်သည်းဖြင့် တွန်းသည်။ ထို့နောက် ပြန်ဖုံးပြီး ဖိသည်။ အဖုံးကိုဖိကပ်ကာ လှည့်သည်။ သံကြက်လျှာသည် တစ်ပတ်လည်သွား၏။ အဖုံးဖွင့်ပြီး သတ္တုပြားကိုဖယ်လိုက်သည်။ စက္ကူဖြူကတ်ပြားပျော့ကိုပါ စားပွဲပေါ်သို့ တင်သည်။ ဆွဲပြားကတ်ကို မတင်လိုက်သည်။ သုံးလေးလိပ် ကြွလာ၏။

mgyoe.com

mgyoe.com

ဒေါက်တာမြင့်သိန်းဇော်ထံသို့ ကမ်းလိုက်၏။ တစ်လိပ်ယူသည်။ သူ တစ်လိပ်ယူပြီး နှုတ်ခမ်းတွင်တေ့ထားခိုက် ဒေါက်တာမြင့်သိန်းဇော် မီးညှိပေး၏။ သံကြက်လျှာကို အဖုံးနှုတ်ခမ်းတွင်းသို့ကပ်ပြီး ဘူးတွင်ဖုံးသည်။ မီးခိုးငွေ့ မှုတ်ထုတ်ပြီး သံဘူးကို စားပွဲပေါ်တင်ထား၏။

"ခုအချိန်မှာ ငါ အကုသိုလ်မဖြစ်အောင် နေရတယ် မြင့်သိန်းဇော်..."

စီးကရက်ကို လက်ကြားညှပ်ပြီး ပြောလိုက်၏။

"အင်း... ဆိုပါဦး..."

"ချိုနှင်းရည်နဲ့ ဝေလင်းကိစ္စကို ငါနားနဲ့ပဲကြားတယ်။ စိတ်ထဲရောက်အောင် မသွင်းဘူး။ ချိုနှင်းရည်တော့ ငါ့ ဝင္ဍလည်ပြီလို့လည်း မတွေးမိအောင် ငါနေနေနေတယ်။ အဆင်ပြေမယ်ထင်လို့ အချစ်သစ်ရှာတဲ့ ကောင်မ ထိပြီ။ ကောင်းလိုက်ပါမေ့လို့လည်း မတွေးမိအောင် နေရတယ် မှတ်ကရော... ဒုက္ခလှလှကြီးတွေ့ပြီလို့လည်း သဘောမထားမိအောင် နေနေရတယ် မြင့်သိန်းဇော်။ မင်း သဘောပေါက်လား"

ခေါင်းငိုက်ငိုက်ထားပြီး နားထောင်နေရာမှ မော့ကြည့်သည်။ ခေါင်းကို ဖြည်းညင်းစွာညိတ်ပြပြီး...

"ရနိုင်ခဲတဲ့ စိတ်နေစိတ်ထားပါပဲ မင်းလှိုင်"

"ငါ ဝမ်းမသာသလို ဝမ်းမနည်းဘူး။ မသက်ဆိုင်တော့ဘူးလို့ တွက်လိုက်တဲ့နေ့ကစပြီး အဲသလို သဘောထားနိုင်အောင် ငါ ကြိုးစားလို့ရခဲ့တယ် မြင့်သိန်းဇော်။ ဟော်ပျက်ကုန်းပေါ်မှာ သူတို့နှစ်ယောက်ကို တွေ့လိုက်တဲ့နေ့မှာ ချိုနှင်းရည်ကို ငါ့ ရင်ထဲက ဖယ်ရှားပစ်ခဲ့တယ်"

သူ ပြောပြီးတော့ ပြုံးသည်။

"ဒါပေါ့ကွာ။ ဒီလိုပဲရှိရမှာပေါ့"

စကားမဆက်ဖြစ်သေး၊ ကျောမှီလိုက်၏။ စည်းရိုး ချယ်ရီပင်တွေသို့ မျက်လုံးရောက်သည်။ သရက်ကိုင်းတွေသို့ မျက်လုံးရွေ့သည်။ နေပြောက်တွေကို ကာကွယ်ထားသော အရွက်တွေမလှုပ်။

"လူ့ဘဝကို တစ်ခါတစ်ခါ တော်တော်တရားကျတယ် မင်းလှိုင်"

မျက်လုံးချင်းဆုံလိုက်၏။ ဒေါက်တာမြင့်သိန်းဇော် စကားဆက်၍ ပြောသည်။

"တချို့လူတွေဟာ ကြည့်လိုက်ရင်တော့ သိပ်သတ္တိကောင်းမယ့်ပုံမျိုး။ ခွဲစိတ်ခန်းထဲ မဝင်ရသေးဘူး၊ ဒူးတဆတ်ဆတ်တုန်ပြီး လမ်းဒတောင် မလျှောက်နိုင်ဘူး။

mgyoe.com

mgyoe.com

တချို့က အသည်းငယ်မယ် ထင်ရတယ်။ တစ်ချက် မတွန့်ဘူး။ တချို့က နည်းနည်းသာသာ ထိရသေးတယ် ကျွဲအော်၊ ဝက်အော်၊ တချို့ဆိုတာ အံကြိတ်ပြီး မျက်ရည်ပေါက်ပေါက်ကျနေတယ်။ အသံတစ်စက်ကလေး မထွက်ဘူး။ ဘဝပြဿနာကို ရင်ဆိုင်ရတဲ့အခါမှာလည်း... အဲသလိုပဲ ရှိကြမှာပဲကွ"

သူ နားထောင်မြဲ နားထောင်နေသည်။

"မင်းကိုတော့ ငါချီးကျူးတယ်။ တခြားသူတစ်ယောက်ယောက်ဆိုရင် စိတ်လွှင့်လူလွှင့် ဖြစ်စရာပဲ။ မင်းတော်တော် တည်ငြိမ်အောင် နေနိုင်ခဲ့တာပဲ"

"ငါ အမှန်အတိုင်း ပြောရရင် ခံစားခဲ့ရပါတယ်။ ဒါပေမဲ့... ငါ မျက်နှာပျက်နေရင် သမီးတို့ စိတ်ငယ်မှာစိုးရတယ် မြင့်သိန်းဇော်။ ကလေးတွေ စိတ်ညှိုးငယ်တဲ့ အဆင့်အထိ ဝေဒနာ အဆစ်မပေးနိုင်ခဲ့တာလည်း ပါပါလိမ့်မယ်"

ဒေါက်တာမြင့်သိန်းဇော် ခေါင်းညိတ်သည်။ ကိုယ်ကိုယ်တို့ပြီး လက်ဆွဲသေတ္တာကို စားပွဲဘေးတွင် ထောင်၍ ထား၏။ လက်ဖက်ရည်ကြမ်း လှမ်းငှဲ့သည်။

"ချို့နှင်းရည် ဒီကိစ္စက ကလေးတွေ မသိရင် ကောင်းမယ်"

သူ့ကို ခေါင်းညိတ်ပြပြီး ဟုတ်တယ်ဟု ပြော၏။ စီးကရက်တိုကို တစ်ဖွာနှစ်ဖွာ ဖွာပြီး မြေပေါ်သို့ ချသည်။ ဖိနပ်ဖြင့် မီးချေကာ သတ်သည်။ ထို့နောက်မှ သူ့ကို...

"ကလေးတွေနဲ့ တိုက်ရိုက် မသက်ဆိုင်တာကို အသိမပေးတာ အကောင်းဆုံးပဲ"

"မြို့င့်ကို ငါ စကားပိတ်ထားမှ ဖြစ်မယ်"

သစ်ရိပ်တို့၏ သဏ္ဌာန်သည် ခပ်ဝါးဝါး။ ပင်ဖျားဝန်းကျင်မှ နေပြောက်တွေ ရွှေ့နေ၏။ မွန်းလွဲပြီးစ နေ့လယ်သည်အိုက်စပ်စပ်။

❑

mgyoe.com

mgyoe.com

[၁၈]

သမီးကြီး စာကျက်နေလား မြိုင်ဟု မေးလိုက်သည်။ အိပ်သွားပြီ ကိုကို၊ ကိုးနာရီခွဲအထိပဲ စာကြည့်ခိုင်းတယ်။ ညဥ့်နက်သွားရင် မနက်ငါးနာရီခွဲ စာကြည့်တဲ့အခါ အိပ်ရေးမဝမှာစိုးလို့ဟု သူ့ကိုဖြေသည်။ ဒေါ်နန်းက မနက်ကျရင် ထမင်းကြော် စားချင်တယ်လို့ ငါ့မြေးကြီးကပြောတယ်ဟု ပြုံး၍ ဆို၏။ ပြည့်သော ဒေါ်နန်း၏ ပါးမှာ အရစ်ရစ်တွန့်နေ၏။ ဆွယ်တာ နှစ်ထပ်၊ ခေါင်းစွပ်၊ ခြေအိတ် စွပ်ထားသော ဒေါ်နန်း၏ သဏ္ဌာန်မှာ ဖိုးဝရုပ်နှင့် တူနေသည်။

"ကော်ဖီ သောက်ကြတော့မလား"

မြိုင်က သိုးမွေးတဘက်ကို ခေါင်းပေါင်းရင်း

"မြိုင်ဖျော်ပါ့မယ် ကြီးကြီးနန်း၊ ဘကြီးမြင့်မောင် ဘယ့်နှယ်နေသေးလဲ"

"ကိုယ်ပူ တော်တော်ကျသွားပါပြီ။ ခုန ကော်ဖီသောက်လိုက်လို့ ချွေးလိုက်လာတယ်။ မြိုင်တို့အတွက်ပဲ ဖျော်နော်၊ ကြီးကြီးနန်း မသောက်တော့ဘူး"

ဘာဖြစ်လို့လဲဟု သူ မေးသည်။

"ထမင်းစားလွန်သွားလို့ ဗိုက်အင့်နေတယ် ဆရာ"

"ဦးမြင့်မောင်ကို ဆေးထိုးပေးသေးလား"

mgyoe.com

mgyoe.com


ဒေါက်တာမြင့်သိန်းဇော် လာရောက်ကုပေးသည်မှာ နှစ်ရက်ရှိသွားပြီ။ ဒေါ်နန်းခေါင်းညိတ်၏။

"ဆေး သုံးခွက်စာလည်း ပေးခဲ့သေးတယ်။ အဆုတ် အအေးပတ်တာမို့လို့ နောက်သုံးလေးရက်တော့ ဆေးထိုးရဦးမယ်လို့ ပြောတယ်"

"သူပြန်တာ ဒီနေ့စောတယ်။ ကျွန်တော့်ကိုတောင် မစောင့်ဘူး"

"စောင့်တော့ စောင့်သေးတယ်ဆရာ"

"သူပြန်တော့ ရှစ်နာရီခွဲပြီပဲ ကိုကို၊ ကိုကို နောက်ကျတာ"

"ထမင်းစားသွားလား"

ဒေါ်နန်းနှင့် မြိုင်တို့က ပြိုင်တူလိုလို ခေါင်းညိတ်ကြသည်။

"ကိုကို ထမင်းစားခဲ့လား"

"ထမင်းတော့ မဟုတ်ပါဘူး၊ မြီးရှည်နှစ်ပွဲ။ မဆာတော့ပါဘူး"

"စားလည်း စားနိုင်ပါတယ်။ မြီးရှည်မစားတဲ့နေ့၊ တို့ဟူးသုပ် မစားတဲ့နေ့ရှိကို မရှိဘူး"

မြိုင့်စကားကို ဒေါ်နန်းက အင်းလေဟု ပြောသည်။ သူပြုံးလိုက်သည်။ ဒေါ်နန်းက ခဏအကြာတွင် ထမင်းစားခန်းထဲမှ ထွက်သွား၏။ ကုလားထိုင်တွင် သူထိုင်စဉ် ကော်ဖီဖျော်နေသော မြိုင်က...

"နေ့လယ်တုန်းက စာတစ်စောင် ရောက်လာတယ် ကိုကို"

"ဘယ်သူ့ဆီကလဲ"

"မမနှင်းဆီက"

"မြိုင့်ဆီကို ရေးတာလား"

"လွင်လွင့်အတွက်ပါ စာတစ်စောင်ရော ရေးလိုက်တယ်"

"လွင်လွင့်ဆီ ဘာတွေရေးထားလဲ"

"သတိရကြောင်း၊ စာကြိုးစားဖို့အကြောင်း၊ ညီမလေးကို ချစ်ဖို့ ဂရုစိုက်ဖို့ အကြောင်းတွေပါပဲ။ ကိုကို့ကို မပြောရသေးလို့ မြိုင် လွင်လွင့်ကို ပေးမဖတ်လိုက်သေးပါဘူး"

"လွင်လွင် စိတ်အနှောင့်အယှက် ဖြစ်စရာမပါရင် ပေးဖတ်လိုက်ပေါ့"

ပန်းကန်လုံးထဲသို့ ငှဲ့ထည့်ရင်း...

"ကိုကို ဖတ်ကြည့်ချင် ဖတ်ကြည့်လေ"

mgyoe.com

"သူ့လက်ရေးကို ငါ မတွေ့ချင်ဘူးဟာ"

မြိုင်သည် ဖျော်ခွက်ကို တန့်လိုက်၏။ ပန်းကန်လုံးထဲမှ ကော်ဖီ ပန်းကန်ပြားထဲသို့ မဆိုစလောက် လျှံကျသွား၏။ နောက် ပန်းကန်လုံးထဲသို့ ငုံ့လိုက်ပြီးမှ...

"သူ... သူ့မိဘတွေဆီမှာ ပြန်နေတယ်တဲ့။ အရင်လျှောက်ထားတဲ့ အလုပ် အပြင် နောက်ထပ်အလုပ်တစ်ခု ဝင်လျှောက်ထားတယ်တဲ့။ ပြီးတော့ သူ... ဘွဲ့လွန် ပြန်တက်မယ်တဲ့"

ကော်ဖီပန်းကန်ကို လှမ်းယူသည်။ မြိုင်က တစ်ကြည့်လှမ်းကြည့်ပြီး...

"စာသင်တဲ့အလုပ်၊ ရုံးအလုပ် တစ်ခုခုမှာ သူ့ဘဝကို အကြွင်းမဲ့ မြုပ်နှံထားမယ် တဲ့။ အိမ်ထောင်ရေး သင်ခန်းစာက သံသရာတမျှ အထိနာနာ ရခဲ့ပြီတဲ့။ တင်ခဲ့သမျှ ကြွေးတွေကို ပြန်လည်ဆပ်ချိန်ပါပဲတဲ့။ ရေးတာကတော့ အစုံပါပဲ။ မြိုင်တစ်ခု သတိပြု မိတာရှိတယ်။ သူ့စာထဲကလေ။ သူ့ မိသားစုထဲမှာတဲ့။ သူဟာ ဟိုအရင်ကလို ပြောရေး ဆိုခွင့် မရှိတော့တာရယ်၊ အရင်ကလောက် အရာမဝင်တော့တာရယ်၊ ခပ်လျှိုလျှို ခပ်ငုံ့ငုံ့နေရတာရယ် ရင်ဆိုင်နေရတယ်တဲ့။ သူကိုယ်တိုင် လိပ်ပြာမလုံသလို အမြဲ နေသွားရမှာပဲတဲ့။ မစင်ကြယ်သူအဖြစ်နဲ့ မျက်နှာမလှတဲ့ဘဝပဲတဲ့"

ကော်ဖီကို မှုတ်၍သောက်နေ၏။ မီးချောင်းအလင်းရောင်ဖြင့် ကျနေသော ပန်းကန်လုံး၏ အရိပ်သည် စားပွဲမျက်နှာပြင်ပေါ်တွင် ခပ်အုပ်အုပ်။

"သူ တော်တော် တော်တယ် မြိုင်"

"ဘာကိုလဲ"

"ဝေလင်းနဲ့ ပြဿနာ ဝုန်းဒိုင်းပေါ်လာမှသာ ကိုကိုသိရတာဟ။ ရိုးတိုးရိပ်တိတ် တောင်မှ ထင်စရာမရှိခဲ့ဘူး။ အိမ်ထောင်ရေး ချုံခိုတိုက်ခိုက်မှုကြီးကို"

မြိုင်သည် ကော်ဖီတစ်ကျိုက်သောက်ပြီး ဧည့်ခန်းဘက်သို့ ငေးနေ၏။ ထို့နောက် ချိန်ဆသော မျက်နှာနှင့်။

"သူနဲ့ ကိုဝေလင်း စပြီးဖြစ်ကြတုန်းကလည်း ရည်ရည်ရွယ်ရွယ်ကြီးတော့ မဟုတ်လှဘူးပေါ့... ကိုကိုရာ။ ဖြစ်ပြီးမှ နောက်မဆုတ်သာတဲ့အနေ ဖြစ်လာတယ် ဆိုပါတော့။ ပြဿနာပေါ်တဲ့နေ့ကလည်း..."

"မပြောပါနဲ့တော့ မြိုင်"

လက်ကာကာ တားသည်။ မြိုင် အားနာသွားသည်။ ဆောရီးပဲ ကိုကိုဟု တောင်းပန်စကားဆိုသည်။

mgyoe.com

mgyoe.com


"အကျိုးမထူး အကြောင်းမထူးတာတွေကို ပြောနေကြားနေလည်း ဘာလုပ်မလဲ မြိုင်ရာ။ ဒါကြောင့် ပြောတာပါ"

မြိုင် ခေါင်းညိတ်သည်။

"သူ မပါတော့တဲ့ မိသားစုခရီးကို စိတ်အေးချမ်းသာစွာနဲ့ ကိုကိုတို့ ခရီးဆက်နိုင်တာပဲ။ ကိုကို့စိတ်ထဲ အဲဒါပဲရှိတယ်"

ကုန်းမြေမြင့်၏ ဆောင်းညသည် နှစ်လိုစဖွယ် ရှိလေသည်။ စိတ်နှလုံးတည်တံ့စွာနေနိုင်သောအစွမ်းကို ခွဲဝေပေးသည်ဟု ခံစားရ၏။

*

ချိုနှင်းရည်မိဘထံသို့ ကားကိုပြန်ပေးလိုက်ရ၍ ဦးမြင့်မောင်တွင် ကားမောင်းတာဝန်မရှိ။ အလုပ်မရှိတော့၍ လခမယူချင်ဘူးဟု ဦးမြင့်မောင် ပြောခဲ့သည်။ ကျွန်တော်တို့လည်း ဆရာတို့နဲ့ နေလာတာ လေးငါးရှစ်နှစ် ရှိပြီပဲ။ သွေးသားတွေလိုဖြစ်လည်း ဖြစ်နေပြီ။ ကျွန်တော်တို့မှာ သားထောက် သမီးခံလည်း ရှိတာမှမဟုတ်ဘဲ။ နေမကောင်းလည်း ဆေးကုပေး၊ ထမင်းလည်းကျွေး၊ နေစရာအိမ်လည်း မပူရ။ ဒီကြားထဲ နှစ်ယောက်လခပေါင်းရင် နှစ်ရာ့ လေးငါးဆယ်။ အားလည်း အားနာလာပြီ။ ဒီတော့ တစ်လ လေးငါးခြောက်ဆယ်ဆိုတာမျိုးသာ လှူဖို့တန်းဖို့ ပေးချင်ပေး။ လခအနေနဲ့ မယူချင်တော့ဘူးဟုဆိုသည်။

ဒေါ်နန်းကပါ ထိုစကားမျိုးပြောသည်။ အစကတော့ သုံးလေးနှစ်လောက် ဒီမှာလုပ်ပြီးရင် ဇာတိကိုပြန်ပြီးနေမလား စိတ်ကူးတယ်။ ဒါပေမဲ့ ဒီမှာက ဆရာတစ်ယောက်တည်းနဲ့ ကလေးနှစ်ယောက်နဲ့ မဖြစ်ဘူး။ မြိုင်ကလည်း တစ်ချိန်မှာ အိမ်ထောင်ရက်သားကျတဲ့အခါ ဒီမှာ အမြဲနေဖို့ ခက်မယ်။ ပြီးတော့ ကလေးတွေကိုလည်း သံယောဇဉ်ရှိနေတော့ ဆရာတို့နဲ့ပဲ နေမယ်ဆုံးဖြတ်လိုက်ကြတယ်ဟု ဒေါ်နန်းပြောသည်။

ဝမ်းသာစကား၊ ကျေးဇူးစကား သူပြောသည်။

လှူဖို့ တန်းဖို့ သုံးဖို့စွဲဖို့ ငွေကို ကြောင်အိမ် ဗီရိုအံဆွဲထဲမှာ ကျွန်တော် ထည့်ထားမယ်။ တစ်ရာ့လေးငါးဆယ်နှစ်ရာ၊ လစဉ်လေ။ သုံးသုံး မသုံးသုံး ဟု သူ ပြောလိုက်သည်။ အိမ်မှာ လူကြီးသူမရှိတော့ ကျက်သရေရှိတာပေါ့ ကြီးကြီးနန်းရော၊ ကောင်းတာပေါ့ဟု မြိုင်က ဝင်ပြောသည်။ စကားဝိုင်းရှိရာသို့ လွင်လွင်တို့ ညီအစ်မ

mgyoe.com

mgyoe.com
ရောက်လာသည်။ မြိုင်က လွင်လွင်ကို ပြောပြသည်။ မိမိက ဦးစွာမေးသည်။

"ဘွားဘွားတို့... သမီးတို့နဲ့ အမြဲနေမယ်ဆို"

ဒေါ်နန်း ခေါင်းညိတ်ပြီးပြုံး၏။ ဟေး... ဟုအော်ကာ လက်ခုပ်တီးပြီး ခုန်ဆွ ခုန်ဆွနေ၏။

"ရွာကို ဘယ်တော့မှ မပြန်တော့ဘူးလား ဘွားဘွားနန်း"

လွင်လွင့်အမေးကို ဒေါ်နန်းက အင်း... ဟု ပြောသည်။ ဦးမြင့်မောင် က...

"ငါ့မြေးတို့ ဘဘအရွယ်ရောက်တဲ့အထိ၊ ဘဘတို့ထက် အသက်ကြီးလာလည်း ဘဘတို့ ဒီမှာပဲနေမယ်"

လွင်လွင်ပြုံးနေသည်။ မိမိ၏ ဟေး... သံကြောင့် ရယ်ပွဲကျသွားလေသည်။

*

မြိုင်နှင့် ဒေါ်နန်းတို့လင်မယားမှာ မီးဖိုထဲတွင် ချက်ရေးပြုတ်ရေးဖြင့် အလုပ်ရှုပ်နေကြ၏။ လွင်လွင်၏ စာအော်ကျက်သံသည် တစ်ခါတလေ လွင့်လာ၏။ ...သူ၏ အိမ်တွင် သပ်ရပ်လှပသော စာအုပ်စင်ကလေးတစ်ခုကို သူလုပ်ထားသည်။ သူသည် သူ၏ညီ စာရေးရန် ခုံကလေးတစ်ခု လုပ်နေသည်ဟူသော မိမိ၏ အသံစာစာ။

ထိုနောက်တွင် စစ်မတိုက်လိုသော ငြိမ်းချမ်းရေးကို အလိုရှိသော ပြည်သူ ပြည်သားတို့၏ ဆန္ဒကို အကဲခတ်မိသော ညောင်ရမ်းအနောက်ဘက်လွန်နှင့် သာလွန်မင်းတို့က သဘောပေါက်ကြပါသည်။ စစ်မှနားနေခွင့်ရသော ပြည်သူတို့သည် ကုန်ထုတ်လုပ်ရေးတွင် ပါဝင်လာနိုင်ကြသည်။ ဤအချက်မှာ ဒုတိယမြန်မာနိုင်ငံတော်၏ တိုးတက်မှုပင် ဖြစ်ပါသည်ဟူသော လွင်လွင့်စာအံသံ။

"ဆရာ့သမီး မိမိက ပြောလည်းပြောတတ်တဲ့ကလေး။ ဘွားဘွားတို့က စာပဲ ကျက်ခိုင်းနေတာပဲတဲ့။ မုန့်တော့ ချက်မကျွေးဘူးတဲ့။ မုန့်မကျွေးတော့ စာကျက်ရတာ မောတယ်တဲ့"

ဒေါ်နန်းသည် ပြောပြီးတော့ သဘောကျစွာ ရယ်နေ၏။

"မနေ့ကလို စာမေးပွဲပြီးရင် ချက်ကျွေးမယ်ဆိုတာ မရဘူး။ စာမေးပွဲ မဖြေခင် တစ်ခါချက်ကျွေး၊ ပြီးရင်တစ်ခါတဲ့။ ကောင်းပါပြီ ကောလိပ်ကျောင်းသူကြီးရယ်ဆို တော့ သဘောကျပြီး ရယ်နေတယ်"

"မိမိက အားကြီးနွဲ့တာ ဆိုးတာပဲ"
mgyoe.com

mgyoe.com


မြိုင်က ကြက်သားထွင်ရင်း လှမ်းပြောသည်။ ထိုစဉ်ကြားလား စာကျက်ကြတဲ့ အသံတွေ ညှော်ခန်းနားကို ရောက်နေပြီဟု ဒေါ်နန်းပြော၏။

"အဲဒီကနေ ထမင်းစားခန်းထဲကို ညီအစ်မ ရောက်လာမယ်။ ပြီးရင် ကျက်မကျက် ဒီကိုလာ အကဲခတ်မယ်။ ခုနလည်း တစ်ခေါက်ရောက်လာပြီးပြီ။ ကြက်သွန်နွှာပေးမယ်၊ ငရုတ်သီးထောင်းပေးမယ်နဲ့။ သွား... စာကြည့်ကြချေ။ ကျက်ရင် လာပြောမယ် ပြောယူရတယ်"

ဦးမြင့်မောင်က တဟားဟား ရယ်ကာ ပြောသည်။

*

ဘာမျှ မကြာဟုထင်ခဲ့သည်။ သမီးကြီးသည် ခုနစ်တန်းတက်ရတော့မည်။ သမီးငယ်သည် နှစ်တန်းတက်ရတော့မည်။ မိုး၏ အငွေ့အသက်တွေ ပီသပြည့်စုံလာသည်။ မြေလမ်းတို့မှာ ဖုန်မထတော့၊ ကားလမ်းနှစ်ဖက်တွင် ချုံနွယ်မြက်တွေ စိမ်းစိမ်းစိုစို ရှိလာ၏။ တောင်ခိုးမြေငွေ့၏နေရာသို့ မုတ်သုံ၏ လေပြည်ရနံ့သည် သိသာစွာ အစားထိုး ဝင်ရောက်နေပေပြီ။

တောင်ကမ်းပါးယံကို ပတ်သော နောက်ဆုံးလမ်းကွေ့သည် အပေါ်တွင် ကျန်ခဲ့ပေပြီ။ လမ်းဖြောင့်မြေညီသို့ ရောက်လာ၏။ ကျားညီနောင် ထမင်းဆိုင်သို့ လှမ်းကြည့်လိုက်၏။ ဆိုင်ရှေ့တွင် ကုန်တင်ကားတွေ၊ ခရီးသည်တင်ကားတွေ၊ ဂျစ်ကားတွေ လေးငါးရှစ်စင်း လှမ်းမြင်၏။ အရှိန်လျှော့ လိုက်သည်။ ဆိုင်ရှေ့သို့ ရောက်သောအခါ ခဏရပ်လိုက်သည်။

ကျောင်းဒါယကာ ဦးခွန်သာသည် ထမင်းစားပွဲတွေအနီးတွင် သုံးဆောင်ပါခင်ဗျ၊ လိုတာရှိရင် ပြောပါခင်ဗျ၊ ဘယ်သူရေ ဒီဝိုင်းမှာ ချဉ်ဟင်းလိုက်ပွဲပေးပါဦး၊ တို့စရာလည်း ဖြည့်ပေးပါဦးဟု ဧည့်ဝတ်ကျေပွန်စွာ ပြောမြဲလေ့အတိုင်း ပြောနေပုံရှိ၏။ ထိုနောက် ဆိုင်ရှေ့သို့ မျက်နှာမူ၏။ သူ့ကို တွေ့သောအခါ ပြုံးသည်။ ကွမ်းချေးမည်းနေသော သွားတွေပေါ်သည်။ သူ့ထံသို့ လျှောက်လာ၏။

"ဆရာ ထမင်းဝင်စားသွားလေ"

ကားစက်သတ်ပြီး ဆင်းသည်။

"မစားတော့ဘူး ဦးခွန်သာ၊ သမီးတွေက ကျွန်တော်ပြန်မှ ထမင်းစားကြတာမို့ပါ။ ကိစ္စတစ်ခုရှိလို့ပါ"

mgyoe.com

"ဟုတ်ကဲ့"

"လာမယ့် တနင်္ဂနွေနေ့ မနက်စာ အိမ်မှာ ထမင်းလာစားဖို့ ဖိတ်တာပါ"

ငေါသော မျက်ခုံးရိုးကို လက်ခုံဖြင့် တစ်ချက်ပွတ်ပြီး ခေါင်းညိတ်သည်။

"သမီးတွေ စာမေးပွဲအောင်လို့"

ဟာ... မင်္ဂလာသတင်းပဲ၊ လာမယ်လေ ဆရာ၊ ကျေးဇူးပဲနော၊ဟု ပြော၏။ သူကားပေါ်သို့ တက်ခါနီးတွင်...

"ဝမ်းသာတယ်ဗျာ၊ ကလေးတွေ တယ်တော်ကြတာပဲ"

❑

mgyoe.com

mgyoe.com

[၁၉]

စနေရုံးဆင်းတွင် သမီးတို့ကျောင်းပြန်ဝင်ကြိုသည်။ မနက်ပိုင်းချည်း ဖြစ်၍ သမီးတို့က သင်းသင်း၏ ဒေါ်လေးအိမ်မှာ စောင့်နေနှင့်ကြသည်။ စနေနှင့် တနင်္ဂနွေ ဥပုသ်နေ့ကျသောရက်မဟုတ်၍ စနေနေ့ ကျောင်းတက်ရသည့်အခါ သင်းသင်းတို့ အဒေါ်က သမီးတို့ကို ထမင်းကျွေးထားသည်။ အားနာ၍တားသော်လည်း အပန်းကြီး တာမှမဟုတ်တာ၊ စားပါစေဟု သူ့ကို ပြောသည်။ မကျွေးစေချင်၍ ပြောသည်ဟု ထင်မှာစိုး၍ မတားဖြစ်ခဲ့။ ဆရာပါ ဒီမှာပဲ စားပါလားဟု သင်းသင်းက ပြောသည်။ မဆာသေးလို့ပါဟု သူ ပြောသည်။ ဒါဖြင့် ကော်ဖီကောဟု သင်းသင်းမေးသည်။ ပိုပြီး မဆာဘဲ နေသွားမှာပေါ့ဟု သူပြောသည်။

"မိုးသိပ်သည်းနေတယ် ဆရာ။ ခဏလောက်နေပါဦး။ တော်ကြာဆို စဲသွားမှာပါ"

သူ ခေါင်းညိတ်သည်။ သမီးတွေကို လှမ်းကြည့်၏။ လွင်လွင်သည် မဂ္ဂဇင်း တစ်စောင်ကို ဖတ်နေသည်။ မီမီသည် ဆေးရောင်စုံ ခဲတံဖြင့် အရုပ်တွေ ဆွဲနေ၏။ သမီးကြီး၏ မျက်နှာကျသည် မိခင်၏ မျက်နှာကျ။ မျက်ခုံးထူပုံမှာ မအေနှင့်တစ်ထေရာ တည်း။ ဆံအုံကောင်းပုံ၊ နဖူးပုံသည် မိခင်အမွေ။ နားရွက်စွင့်စွင့်အတန်ကားပုံမှာ

mgyoe.com

သူနှင့်တူသည်။ နှုတ်ခမ်း ပြည့်ဖောင်းဖောင်းက ဖအေ့နှုတ်ခမ်း။

"မြိုင်ကပါ မနက်ပိုင်းသင်ရရင် ကောင်းမှာပဲ။ တူဝရီးတွေ အတူသွား အတူပြန်"

ရှေ့နှစ်ခါဆိုရင် သမီးကြီးနဲ့ အတူသွား အတူပြန် ဖြစ်သွားပြီလေဟု သူပြော၏။ သင်းသင်းက ဆံပင်ကို ကုပ်နားမှစုကာ ဆံညှပ်ညှပ်ရင်း ...

"ဟုတ်တာပေါ့၊ ရှေ့နှစ်ဆို လွင်လွင် ရှစ်တန်းပဲ။ မိမိက မနက်ပိုင်းပဲ တက်ရဦးမှာ။ လေးတန်းကျမှ နေ့လယ်ပိုင်း၊ လွင်လွင် ကိုးတန်းရောက်တဲ့ နှစ်မှပဲ ညီအစ်မ တူဝရီးတွေ အတူသွား အတူပြန် ဖြစ်တော့မှာ"

သူပြုံးသည်။ သင်းသင်းက...

"ဦးမြင့်မောင်တို့ ဒေါ်နန်းတို့က တကယ့်သွေးသားတွေလို ဖြစ်နေတာပဲနော်။ မိမိကို ကျောင်းလိုက်ပို့ရတာ အတော်မလွယ်တာ။ ချော့ချက်ပြီးခေါ်၊ ကုန်းပိုးပြီး ခေါ်လို ခေါ်ရနဲ့။ ဘိုးအေဘွားအေအရင်းထက်တောင် ကရိကထခံသေးတယ်"

ဟုတ်တယ်ဟု သူပြောသည်။

"ဒါထက်... လွင်လွင်တို့ အဘိုးတွေ အဘွားတွေကော လာကြလား"

"မိမိသူငယ်တန်းတုန်းက သူ့အစ်မ တစ်ခေါက်လာတယ်။ တစ်တန်းတုန်းက အဘွားကြီးတို့ မိသားစု အကုန်တစ်ခေါက်လာတယ်။ အဘွားကြီးနဲ့ အစ်မလုပ်တဲ့ သူက တန်ဆောင်တိုင်ပွဲမှာ တစ်ခါလာတယ်။ ဒီနှစ်တော့ တစ်ခေါက်မှ မလာကြသေးဘူး။ မြေးတွေ တူမတွေအတွက် စားစရာသောက်စရာ အဝတ်အထည်တွေတော့ လူကြုံနဲ့ ခဏခဏပို့တယ်"

သင်းသင်းသည် ပြော်ဟု ပြောကာ ခေါင်းတဆတ်ဆတ်ညိတ်သည်။

"ဒေါ်ချို့နှင်းရည် သမီးတွေကို လာတွေ့သေးလား ဆရာ"

"သူနဲ့ ဝေလင်းနဲ့ ကွဲသွားပြီးတဲ့နောက်မှာ တစ်ခေါက်မှ လာမတွေ့သေးဘူး သင်းသင်း"

"သူ မိသားစုနဲ့ နေနေတယ်ကြားတယ်"

သူ ခေါင်းညိတ်၏။

"ဘွဲ့လွန် ပြန်တက်နေတယ်ဆို"

"အင်း"

"အလုပ်ဝင်သွားပြီလား"

"ကျွန်တော် မသိဘူး သင်းသင်း"

mgyoe.com

mgyoe.com



သင်းသင်း မျက်လုံးဝိုင်းသွား၏။

"ဆရာ စိတ်အနှောင့်အယှက် ဖြစ်သွားရင် သင်းသင်း တောင်းပန်ပါတယ် ဆရာ"

သူပြုံး၏။ သွေ့သွေ့ခြောက်ခြောက်။

"စိတ်အနှောင့်အယှက် ဖြစ်တော့ မဖြစ်ပါဘူး။ သူ့အကြောင်း ကျွန်တော် ဘာမျှ မစုံစမ်းလို့ မသိဘူးလို့ ပြောတာပါ။ တစ်ခါတလေ မြင့်သိန်းဇော် ပြောတာမျိုး မြိုင်က ပြောတာမျိုးလောက်ပဲ ကြားရတာ ရှိပါတယ်"

သင်းသင်းသည် အားနာပြုံး ပြုံးနေ၏။

"တစ်ခါတလေ သင်းသင်းမေးတာ မြန်းတာ မိသားစုသဘောပါ ဆရာ။ စပ်စုတဲ့သဘောများ ဖြစ်သွားသလားတော့ မပြောတတ်ဘူး"

သူ ခေါင်းယမ်းကာ ကျွန်တော် သဘောပေါက်ပါတယ် သင်းသင်း၊ အဲသလို မတွေးပါဘူးဟု ပြောလိုက်သည်။

သင်းသင်း၏ ဒေါ်လေးရောက်လာ၍ စကားပြတ်သွားသည်။ အပြင်သို့ သူ လှမ်းကြည့်၏။ မိုးမသည်းတော့။ ကားသော့ကို ကောက်ယူလိုက်သည်။ လွင်လွင်ရေ... မိမိရေ... ဖေဖေက အိမ်ပြန်တော့မယ်တဲ့ဟု သင်းသင်းက လှမ်းပြောသည်။

*

"မမနှင်းဆီကို မြိုင်ဘယ်လို စာပြန်ရေးလိုက်ရမလဲ ကိုကို"

သမီးတို့နှင့် တွေ့ပါရစေဟု စာရေးပြီး အကြောင်းကြားသည်ဟု ဆို၏။ လာတွေ့သည့်အခါ နာရီပိုင်းသာ အခွင့်ပေးထား၍ အခက်အခဲဖြစ်နေသည်ဟု ရေးသည်ဆို၏။ ဆယ်နာရီအရောက်လာတွေ့ပြီး မွန်းလွဲ နှစ်နာရီတွင် ပြန်ရမည် ဟူသော စည်းကမ်းအရ ပြန်ရန် အခက်အခဲရှိသည်။ ရန်ကုန်ပြန်ရန် ကားချိန် ရထားချိန်ကြောင့် တစ်ညတာ နေစရာမရှိ ဖြစ်နေသည်။ ညအိပ်ညနေ လာမတွေ့ရဟူသော စည်းကမ်းနှင့် ငြိနေသဖြင့် မစဉ်းစားတတ်အောင် ရှိနေသည်။ အစ်မ၊ အမေ၊ မောင်တစ်ယောက်ယောက်၊ သို့မဟုတ် နှစ်ယောက်သုံးယောက်နှင့်အတူ သမီးတို့ကို လာတွေ့ချင်သည်။ တွေ့ခွင့်ရ မရ မြိုင် မေးပေးပါဟု ရေးထားသည်ဆို၏။

သူတွေ၍ စဉ်းစားနေ၏။ သွားပွတ်တံကို ပလတ်စတစ်ခြင်းထဲသို့ ထည့်ပြီး မျက်နှာသုတ်ပဝါကို တန်းမှ လှမ်းယူ၍ မျက်နှာသုတ်ရင်း...

mgyoe.com

"သူ့ မိသားစုကိုတော့ ငါအားနာတယ်မြိုင်"

စကားရပ်လိုက်သည်။ မျက်နှာသုတ်ပဝါစနှစ်ဖက်ကို လက်နှစ်ဖက်တွင် ဆုပ်ထားပြီး။

"ညအိပ်ညနေလာတာကိုတော့ ငါ ခွင့်မပြုနိုင်ဘူး။ သတ်မှတ်တဲ့ နာရီပိုင်းအတွင်းမှာ လာတွေ့၊ တွေ့လို့ ခဲယဉ်းမယ်ဆိုရင် လာမတွေ့နဲ့လို့ ရေးလိုက်။ ဟုတ်လား။ ဒါပဲ ရှိတယ်လေ"

မြိုင်သည် သူ့ကိုကြည့်ကာ စကားမဟ။ ခဏကြာမှ ဟုတ်ကဲ့ဟု ပြောသည်။ တွေ့ချိန်ကို တိုး၍ပေးမည်၊ မနက်ကိုးနာရီခွဲမှ သုံးနာရီခွဲလောက်ဟု ပြောမည်ပြင်ပြီး မပြောတော့ပါဘူးလေဟု တွေးလိုက်၏။ မြိုင်အပေါ်မှ ခွာကာ သမီးတို့ ကစားနေရာသို့ လျှောက်သွားသည်။

*

ဆယ့်နှစ်နာရီခွဲလောက်တွင် မောင်ဖြစ်သူနှင့်အတူ ချိုနှင်းရည် ပြန်သွားသည်ဟု မြိုင် ပြောပြသည်။ ထိုအချိန်က ဆောက်လုပ်ဆဲ အဆောက်အဦ ရှေ့တွင်သူရှိသည်။ မိုးတွေသည်းနေ၍ အကြမ်းထည်ပြီးစီးနေသော အခန်းထဲတွင် လက်ထောက်အရာရှိ ကိုစံတင်နှင့်အတူရှိနေသည်။ ရွှံ့ထဗွက်ပေါက်အောင် သုံးလေးရက် ဇွဲနေသောမိုး။

"ရရာကားနဲ့ မန္တလေးကို ဆင်းမယ်၊ နောက်နေ့မနက်မှ ရန်ကုန်ပြန်မယ် ပြောတယ် ကိုကို"

လက်ဖက်ရည်ကြမ်းဖန်ခွက်ကို စာရေးစားပွဲပေါ်သို့ လာချပေးရင်း သူ့ကို ပြောသည်။

"မိမိ... ဘာပြောသေးလဲ မြိုင်"

"ဘာကိုလဲ"

"ဩော်... မအေပြန်ရင် လိုက်မယ်ဆိုတဲ့စကား ပြောသေးလား"

မြိုင် ခေါင်းခါသည်။

"သမီး... မေမေပြန်တော့မယ်ဆိုတော့ ခေါင်းညိတ်တယ်။ ဘာမျှ မပြောဘူး"

သမီးငယ်သည် မည်သို့တွေးခဲ့ပါလိမ့်။ မိခင်ဖြစ်သူနှင့်တွေ့တိုင်း လိုက်မယ် ဟူသော စကားပြောခဲ့သူ။ မလိုက်ရ၍ ငိုသောသူ။ ပူဆာခြင်းသာ အဖတ်တင်၊ ငိုရခြင်းသာ အဖတ်တင်သည်ကို မိမိသတိပြုလာခဲ့ဟန်တူ၏။ မအေက မေမေ ဒီနားလေး

mgyoe.com

mgyoe.com


သွားမှာ၊ မပြန်သေးပါဘူး၊ မနက်ဖြန်ပြန်မှ သမီးကိုခေါ်မယ်၊ နောက်တစ်ခါလာရင် သမီးကိုခေါ်မယ်ဟူသော နှစ်သိမ့်စကားတွေ ပြောခဲ့သည်ကို သတိပြုခဲ့ဟန်တူသည်။ တကယ်မဟုတ်ရာစကားတွေကို နားကျွမ်းဖန် များလာသောအခါ မယုံဆာတော့ခြင်းဟု ထင်ရ၏။

"လွင်လွင်က ကောင်းကောင်းမွန်မွန် စကားပြောလိုက်သလား"

မြိုင် ခေါင်းညိတ်သည်။

"မမနှင်း မျက်ရည်ကျစရာ ဖြစ်သွားတယ် ကိုကို"

အံ့သြသွားသည်။

"ဘာဖြစ်လို့လဲ"

မြိုင် ပြောပြသည်။ လွင်လွင်သည် ဒေါ်နန်းကိုခေါ်ကာ ဈေးသို့သွားသည်။ ဘီစကွတ်မုန့်ဘူးတစ်ဘူးနှင့် ချိုချဉ်တစ်ထုပ် ဝယ်သည်။ မြိုင့်ကိုပေးကာ စုထားသော ငွေထဲမှ ဝယ်သည်။ မိခင်ရောက်လာသောအခါ ညီအစ်မနှစ်ယောက် ကန်တော့ကြသည်။ သီတင်းကျွတ်တုန်းက ဖေဖေ့ကို ကန်တော့ပြီးပြီဟု လွင်လွင်ပြောသည်။

"ကလေးတွေကို တွေတွေကြီးကြည့်ပြီး သူငိုတော့တာပဲ ကိုကို။ မုန့်ဘူးနဲ့ ချိုချဉ်ကို သမီးတို့စားဖို့ မေမေပေးခဲ့မယ်ဆိုတော့ ကိုကို့ သမီးအငယ်မက လက်မခံဘူး။ မေမေ ယူသွားပြီး စားရမယ်တဲ့။ အတင်းကိုပေးလို့ မမနှင်း ယူသွားရတယ်"

သမီးတို့၏ သိတတ်မှုသည် အခြေအနေပျက်အောင်ပြုခဲ့သူ၏ ရင်ကို တုန်လှုပ်ခြင်း ကြီးစွာ ဖြစ်စေခဲ့ပြီဟု နားလည်သည်။ ဝါကျွတ်ကာလ၏ ပျော်ရွှင်စရာတွေကို သမီးတို့ ပြည့်ပြည့်ဝဝမရရှာကြဟု ချိုနှင်းရည် တွေးကောင်း တွေးပေလိမ့်မည်။ ဝါကျွတ်ကန်တော့သော မင်္ဂလာကို မပြည့်မစုံ ခင်းကျင်းရရှာသော သမီးနှစ်ယောက်၏ ရင်ထဲသို့ ထွင်းမြင်ကောင်း မြင်ပေလိမ့်မည်။

အမိတခြား၊ အဖတခြား ဦးညွှတ်ရရှာသူတို့၏ အသည်းနှလုံးကို ချင့်တွက်ကောင်း ချင့်တွက်မိပေလိမ့်မည်။ ကျောင်းမုန့်ဖိုးထဲမှ ငါးပြား ဆယ်ပြားစုကာ ကန်တော့ဖွယ်ပစ္စည်းနှင့်တကွ ကန်တော့ကြသော သမီးကြီးနှင့် သမီးငယ်ကိုကြည့်ကာ ကြေကွဲခဲ့ပြီဟု သူသိသည်။ မိခင်ဟု အသိအမှတ်ပြုခြင်း ခံရသော်လည်း မိမိ၏ နေရာသည် သည်အိမ်တွင် ပျောက်ဆုံးခဲ့ပြီဟု ချိုနှင်းရည် သဘောပေါက်မှာ သေချာသည်။ သွေးအေးစွာ သဘောပေါက်မည်ဟု အောက်မေ့၏။

"တစ်ချိန်မှာ သူ... အဲဒါမျိုးတွေ ရင်ဆိုင်ရလိမ့်မယ်လို့ သိဖို့ကောင်းခဲ့တယ်"

mgyoe.com

mgyoe.com

မြိုင်။ သိပ်နောက်ကျတဲ့ အသိဟာ သိုးသွားတဲ့ နတ်သုဒ္ဓါပါပဲ။ အမှုန့်မှုန့် ကြေသွားတဲ့ ပြည်တန်ပတ္တမြားလိုပေါ့"

သမီးတို့၏ နေရာမှနေ၍ စိတ်မကောင်းဖြစ်ရသည်။

"မြိုင့် ဝမ်းထဲရှိတဲ့အတိုင်းပြောရရင် မမနှင်းကို မကျေနပ်ပါဘူး။ ငါ့ အစ်ကို စိတ်ဆင်းရဲအောင်၊ အရှက်ရအောင် ဒီလိုလုပ်သွားတဲ့ မိန်းမကို ရန်တွေ့ပစ်မယ်၊ ဘာမယ်ဆိုတာ ခုထိရှိပါတယ်။ ဒါပေမဲ့ မြိုင်... သူ့ကို ယောက်မလို့မတွေးဘဲ ထားတယ်လေ။ လွင်လွင်နဲ့မီမီရဲ့ မအေဆိုတဲ့ အသိနဲ့ ဆက်ဆံခဲ့တာပါ။ ဒီနေ့တော့ မြိုင့် ရန်တွေ့စကားတွေထက် အများကြီး ပိုပြီးထိခိုက်တဲ့ အဖြစ်ကို သူကြုံသွားရတယ်"

သမီးကြီး မည်သို့ရှိမည်ကို သိချင်၍...

"လွင်လွင် သူ့မအေကို ဘာပြောသေးလဲ"

"မအေငိုတော့ သမီးနှစ်ယောက်စလုံး ငိုကြတာပေါ့ ကိုကို။ မြဲနေတဲ့ မီးတောင် ထပေါက်ကွဲသလိုပါပဲ".

သမီးတွေ စိတ်ဆင်းရဲရပြီဟု သိသည်။ နုနယ်သော ဦးနှောက်နှင့် နှလုံးသားတွင် ထိခိုက်ရာ ထိခိုက်ကြောင်းတွေ ဖြစ်လာမည်စိုးလာ၏။ ဝမ်းနည်းညှိုးငယ်ခြင်း ဝေဒနာဖြင့် လူလားမြောက်ရမည့် မကောင်းခြင်းကို တွေးတောကြောင့်ကြလာ၏။

"ကလေးတွေကို တနုန့်နုန့် ခံစားစရာ လာလာပေးတဲ့ အနေမျိုးဆိုရင် သူ လာတွေ့တာကို ကိုကို တားမြစ်ရလိမ့်မယ်..."

မြိုင့် နှုတ်ခမ်းသည် ခပ်ဟဟ ဖြစ်သွားသည်။ မျက်မှောင်ကြုတ်ကာ နှုတ်ခမ်း တင်းတင်းစေ့ထားသော အစ်ကိုဖြစ်သူကို တစ်ချက်မျှ တစူးတစိုက် ကြည့်ပြီး...

"ဒီလိုတော့ မစဉ်းစားပါနဲ့ဦး ကိုကိုရာ...။ ဒီနေ့ကလည်း လွင်လွင်တို့ ကန်တော့တာနဲ့ ပတ်သက်ပြီး သူစိတ်ထိခိုက်သွားလို့ပါ။ လာတိုင်း ငိုဟယ် ရယ်ဟယ်၊ ကလေးတွေကို ဝမ်းနည်းအောင် တမင်ပြောတယ်လို့ မရှိခဲ့ပါဘူး။ ဖေဖေက သမီးတို့ကို ဆူလား ရိုက်လား ဆိုတာမျိုးတောင် သူမမေးပါဘူး။ သူ သတိထားပါတယ်"

"ကန်တော့လို့ မျက်ရည်ကျတယ်။ တော်ကြာ... မေမေ သမီးတို့ဆီ နေပါလား လို့ မီမီပြောလို့ မျက်ရည်ကျတယ်။ တော်ကြာ... ဘာကြောင့် ညာကြောင့် ဖြစ်မလာ နိုင်ဘူး မပြောနိုင်ဘူးလေ။ ကလေးတွေနဲ့ တွေ့တဲ့အခါ သူ ငိုတာရယ်တာ ငါ သဘော မကျဘူး မြိုင်။ စည်းကမ်းချက် တစ်ချက်တော့ ထပ်တိုးမှ ဖြစ်လိမ့်မယ်"

မြိုင်သည် သူ့ကို ငေးကြည့်နေ၏။ တင်းမာပြတ်သားသော စကားတွေကြောင့်

mgyoe.com

mgyoe.com


စကားဆက်ရန် ခက်နေပုံမျိုးနှင့် ရှိနေ၏။ လမ်းခွဲခဲ့ပြီး နှစ်နှစ်နှင့် ကိုးလကျော်လာခဲ့သော်လည်း အကျည်းတန် အဖြစ်အပျက်တွေကို မနေ့ တစ်နေ့ကကဲ့သို့ သူခံစားနေရမှန်း မြိုင် နားလည်လိုက်၏။

*

ဖေဖေ... မေမေနဲ့ ဟိုလူကြီးနဲ့ ကွဲသွားပြီတဲ့ဟု လွင်လွင်ပြောသည်။ သတင်းစာကို ပေါင်ပေါ်သို့ချပြီး မော့ကြည့်သည်။ အံ့သြသွားသည်။ သမီးကို ဘယ်သူပြောလဲဟု မေး၏။ ဒေါ်လေးမြိုင် ပြောတယ်။ တစ်နှစ်ကျော်ပြီလို့ ပြောတယ်ဟု လွင်လွင်က ဆို၏။ မြိုင်သည် ကလေးတွေကိုသည် အကြောင်းနှင့် စပ်လျဉ်း၍ ဘာကြောင့် ပြောလိုက်ပါလိမ့်။ စကားမစပ်သင့်သော အကြောင်းတွေ။

လွင်လွင်သည် ဖအေကို အားနာကြည့်၊ မာန်မဲမည်စိုးရိမ်သော အကြည့်ဖြင့် ကြည့်နေသည်။ ဘာလို့ မေးရတာလဲ။ ဒီစကားတွေ သမီး နားမထောင်ရဘူး။ မမေးရဘူး။ ဖေဖေ့ကို မပြောရဘူးဟု ရေပိတ်စပါး ပြောထားလိုက်မည် ကြံသည်။ ပြတ်တောက်သော စကား မပြောရက်။ မိခင်ဖြစ်သူသည် မိမိမနှစ်သက်သူနှင့် ပတ်သက်ခြင်းမရှိတော့ဟူသော သတင်းကို ဝမ်းသာစရာတစ်ခုအနေဖြင့် မေးမြန်းစုံစမ်းဟန်တူ၏။

သူ ခေါင်းညိတ်လိုက်သည်။

"မေမေ့အတွက် ကောင်းပါတယ်"

စကားလုံးနှင့် လေယူလေသိမ်းကို အံ့အားသင့်သွားသည်။ လူကြီးဆန်သော အပြော။ တစ်ဆယ့်သုံးနှစ်အရွယ်တွင် တည်ရှိသည်ထက် အဆပိုသော ရင့်ရင့် ကျက်ကျက် ပြောဟန်။

"မေမေ့ကို ဘယ်သူက မြှောက်ပေးလို့ အဲဒီလူနောက်ကို လိုက်သွားခဲ့တာလဲ မသိဘူး"

မအေ့အပြစ်ကို တစ်စုံတစ်ယောက်ထံတွင် ခွဲဝေပေးခြင်းဖြင့် အပြစ်ပေါ့အောင် တွေးသောအတွေး။ စိတ်ထဲမှ ပြုံးမိသည်။

"မေမေ ဘွားဘွားတို့နဲ့နေတာ ဖေဖေသိလား"

သူ ခေါင်းညိတ်လိုက်သည်။

"မေမေ ဘွဲ့လွန်ဆက်တက်တယ်တဲ့၊ အလုပ်လည်း ဝင်သွားပြီ"

mgyoe.com

mgyoe.com


အင်း... ဟု သူပြောပြီး သတင်းစာကို ကိုင်လိုက်သည်။ အမေ့ အကြောင်းကို အဖေ စိတ်ဝင်စားပုံမရဟု တွေးမိဟန်တူသည်။ စကားပြောင်းသည်။

"သမီး သူငယ်ချင်းတွေက ခရစ္စမတ်ပွဲ ဖိတ်ထားတာ သွားရမလား ဖေဖေ"

သူ လှည့်ကြည့်လိုက်ပြီး...

"သမီး အဒေါ်ကို အဖော်ခေါ်သွားပေါ့"

ဟုတ်ကဲ့ဟုပြောကာ အိပ်ခန်းဘက်သို့ ထွက်သွားသည်။ သမီး သူငယ်ချင်း ဟူသော စကားသည် နားတွင် ချိုစွာဝေ့နေ၏။ သမီးတွင် ကျောင်းနေဖက်သူငယ်ချင်း တွေရှိသည်။ အိမ်သို့လာကာ ကစားကြ၊ စာကျက်ကြနှင့်။ မြင်နေကျ။ အခမ်းအနား ပွဲလမ်းသဘင် အတူသွားနေကျ။ သူငယ်ချင်းတွေက ဖိတ်မန္တက ပြုတာတွေ တက် ရောက်မှာတွေ ဖြစ်လာပြီပဲဟု သတိတပြု တွေးသည်။

သမီး၏ လူမှုဆက်ဆံရေးသည် လေးငါးရှစ်နှစ်အရွယ်တုန်းကကဲ့သို့ မဟုတ်။ အထိုက်အလျောက် ကျယ်ပြန့်လာပေပြီ။ ပတ်ဝန်းကျင်တွင် ဝင်ဆံ့စ ပြုလာပေပြီ။ သက်တူရွယ်တူ သူငယ်ချင်းတွေ၏ ကြားတွင် သမီး၏ စိတ်ဓာတ်သည် မည်သို့ရှိနေ ပါလိမ့်။ မအေ့အကြောင်းကို အမြဲသတိရကာ နေမည်လား။ သတိရနေသည်နှင့်အမျှ ရှက်ရွံ့ကြေကွဲနေမည်လား။ သမီး၏ စိတ်နှလုံးသည် မအေ့အရိပ်မည်းအောက်တွင် ညှိုးငယ်နေမည်လား။

တောက်တစ်ချက်ပြင်းပြင်း ခေါက်မိလိုက်သည်။ ထို့နောက် အနီးတွင် သမီး ရှိနေလျှင် ခရစ္စမတ်ပွဲသို့ မသွားစေချင်၍ တောက်ခေါက်သည်ဟု ထင်သွားမှာ စိုးသည်။ ဧည့်ခန်းထဲသို့ ကြည့်သည်။ မည်သူမျှမရှိ။ သက်ပြင်းရှည်တစ်ချက် ချမိသည်။

❑

mgyoe.com

mgyoe.com

# [၂၀]

ပင်လယ်ကဗွီးပင်၏ ရွက်မျှင်တို့သည် လှုပ်ယမ်းလျက် ရှိသည်။ နွေဦးမြေငွေ့သည် လေငင်သောအခါ ပါးလွှာသွားသည်။ သွေ့ခြောက်နွေးထွေးသော နွေ၏ရနံ့သည် အာရုံကိုလွင့်နိုင်စေမှန်းသိသည်။ တောနှင့် တောင်ခွင် ထက်ဝန်းကျင်သည် မှိုင်းညို့သော်လည်း အတင့်အတယ်ရှိမှန်း သိသည်။

"မနေ့ကတောင် သင်းသင်းဒေါ်လေးတို့နဲ့ စကားစပ်မိလို့ ပြောကြသေးတယ်။ မိမိစကားတတ်တဲ့အကြောင်းလေ"

"ဟုတ်တယ် သင်းသင်း၊ ကတ်ကတ်သတ်သတ်လည်း မေးတတ်တယ်"

"သင်းသင်းကို သူတစ်ခါမေးဖူးတယ်။ မိမိမေးတာပြောပြမယ်၊ မိုးရွာက မိုးပေါ်ကချည်း ဘာလို့ ရွာတာလဲတဲ့၊ မြေကြီးကနေ ဘာလို့ ပန်းပြီး မရွာတာလဲတဲ့"

သူ ပြုံးလိုက်သည်။

"လွင်လွင်က မိမိလောက် စကားအပြောမသန့်ဘူး၊ ဒါပေမဲ့... တစ်ခွန်းဆိုဆိုသလောက်ပဲ။ မနှစ် တစ်နှစ်လောက်ကတည်းက လူကြီးဆန်စပြုလာတယ်နော်"

ခေါင်းညိတ်ရင်း တစ်ခုတွေးမိသည်။ လွင်လွင်သည် ညီမဖြစ်သူ မပျင်းအောင် အတူကစားပေးသော်လည်း အကစား မပီ။ ကလေးထိန်းနေသည်နှင့် တူသည်။

mgyoe.com

mgyee.com

ဆရာမလုပ်တမ်းကစားရအောင်ဟုဆိုကာ ညီမကို စာသင်ပေးသည်။ စာရအောင် ချော့ချော့မော့မော့ သင်သည်။ ညီမကို မဆူ၊ မဟန့်၊ နားဝင်အောင် စိတ်ရှည်ရှည်ထားပြီး ပြောပြသည်။ ညီမဖြစ်သူ၏ ကိစ္စတွေကို တာဝန်ယူသည်။ ထမင်းခူးခပ်ကျွေးသည်။ ရေမိုးချိုး သနပ်ခါး လိမ်းပေးသည်မှအစ။

"အခြေအနေတွေက သူ့ကိုစောပြီး ရင့်ကျက်စေလို့ ဖြစ်မှာပါပဲ"

သင်းသင်းသည် ခုံတန်းလျားနောက်မှီတွင် လက်မောင်းတင်သည်။ သစ်သား ခုံတန်းလျား၏ အပြာရောင်သည် သင်းသင်း၏ အင်္ကျီလက်စက အရောင်ထက်ပို၍ ရင့်သည်။ အသားအရေလတ်သူ၏ မျက်နှာတွင် သနပ်ခါး ထင်ထင်ရှိ၏။ နက်မှောင်ကာ ထူသော မျက်ခုံးတောင်ပံဖျား နှစ်ဖက်၌ သနပ်ခါးစ ခပ်ဖုံဖုံရှိလေသည်။ မျက်လွှာချထားသော တစ်ခဏတွင် မသိမသာ မို့သည့်မျက်ခွံကို မြင်ရသည်။

"ဆရာ့မှာ ညီမတစ်ယောက် ရှိပေလို့ပဲ၊ နို့မဟုတ်ရင် အတော်ကသီမှာ။ ဒါတောင် မြို့မရောက်လာတဲ့ လေးငါးလအတွင်း ကလေးတွေကျောင်းပို့ ကျောင်းကြို အတော် ကသိကအောက် ဖြစ်ခဲ့တာ သင်းသင်းအမြင်ပဲ။ ဒီအထဲ ဦးမြင့်မောင်က မမာသလိုလို ဖြစ်တော့ ဒေါ်နန်းလည်း ကလေးတွေကိစ္စ တစ်ဖက်၊ ချက်ရေးပြုတ်ရေး တစ်ဖက်၊ ယောကျ်ားလည်း ပြုစုရနဲ့ အဲဒီလပိုင်းတွေတုန်းက ဆရာတော်တော် စိတ်ညစ်မှာပဲ"

သူ့ နှုတ်ခမ်းစေ့ပြီး ပြုံးသည်။ လက်ဖက်ရည်ကြမ်းဖန်ခွက်ကို စားပွဲပေါ်သို့ တင်ရင်း ...

"ညစ်တာတော့ ညစ်တာပေါ့လေ။ ဒါပေမဲ့... စိတ်ညစ်တာကို စိတ်ပျက်တာနဲ့ ရောမပစ်ပါဘူး။ စိတ်ပျက်မိရင် အနေအထားတွေအားလုံး ကသောင်းကနင်း ဖြစ်သွားမယ်"

သင်းသင်း ခေါင်းတညိတ်ညိတ်နှင့် နေသည်။ မျက်ဝန်းနက်သည် အထက်အောက် မျက်ခမ်းဖြင့် မငြိ။

"ဆရာ့နေရာမှာ တခြားသူဆိုရင် အတော်မလွယ်တာပါ။ အိမ်ထောင်တစ်ခု ပြိုကွဲတဲ့ဒဏ်က အဆင်မသင့်ရင် ဘဝပါ ပြိုကွဲသွားတတ်တာကိုး"

"ဟုတ်တယ် သင်းသင်း... မြေပြိုတာကို ပြန်ဆောက်လို့ ရတယ်။ လျှောင်ဖြိုလို့ ပြိုသွားရင်လည်း ပြန်ဆောက်လို့ရတယ်။ အိမ်ထောင်ပြိုတာကျတော့ ဘယ်လိုမှမရဘူး။ ကျွန်တော်ကိုယ် ကျွန်တော် ပြန်ဆောက်ရတာ သမီးတို့ရဲ့ ကျေးဇူးလည်း မကင်းပါဘူး။

mgyee.com

mgyoe.com


ဖအေလုပ်တဲ့သူက စိတ်တွေညစ်နေမယ်၊ သုန်မှုန်နေမယ်၊ အရက်တွေ ဘာတွေနဲ့ ကလေကလွင့် ဖြစ်နေမယ်ဆိုရင် သမီးတို့ ဘယ်လို စိတ်ခိုင်နိုင်ပါ့မလဲ"

သင်းသင်းသည် အိမ်ရှေ့ဘက်သို့ လှမ်းကြည့်သည်။ နှုတ်ခမ်းထောင့်တွေ တင်းကာစုစုကပ်ကပ်။ ပါးရစ်တင်းချင်ချင်။ မကြည်လင်ဖွယ် အကြောင်းအရာကို နက်နဲစွာ တွေးမိ၍ဖြစ်မည်။

"ဆရာ့ကို သင်းသင်း မေးချင်တယ်"

မေးပါဟုပြောပြီး မေးခွန်းကို နားစွင့်ကာ လှမ်းကြည့်၏။

"ဆရာ မိန်းမတွေကို တော်တော် စိတ်နာသွားမှာပဲနော်"

"ဟင့်အင်း..."

ချက်ချင်းငြင်းသံ၏နောက်တွင် ခပ်တိုးတိုး ရယ်သည်။ သင်းသင်း အံ့အားတသင့် ဖြစ်သွားသည်။

"ကျွန်တော် ချိုနှင်းရည်တစ်ယောက်တည်းကိုပဲ စိတ်နာခဲ့တယ်"

အရယ်လျှော့ပြီး ဆက်ပြောသည်။

"မိန်းမတွေကို အဲသလိုချည်းပဲလို့ စိတ်နာလိုက်ရင် ကျွန်တော့်ရဲ့ အမေနဲ့ ညီမပါ ပါသွားမှာပေါ့ သင်းသင်း။ ခြေမမကောင်း ခြေမ၊ လက်မ မကောင်း လက်မပေါ့ဗျာ။ မဟုတ်ဘူးလား။ သစ္စာရှိတယ်မရှိဘူးဆိုတာ... ယောကျ်ားရယ်၊ မိန်းမရယ် မဟုတ်ပါဘူး။ လူဆိုတာနဲ့ပဲ ဆိုင်ပါတယ်။ ဘာပြုလို့လဲ သင်းသင်း"

သင်းသင်း ခေါင်းခါသည်။ တပြုံးပြုံးကာ...

"ဆရာ ခံစားရတာကို ဘေးလူက မြင်နေတယ်လေ"

"ခင်ဗျာ... ကျွန်တော့်သမီးတွေနဲ့ ကျွန်တော် ရယ်ရယ်မောမော ပြောပြောဆိုဆို နေမြဲ နေနေတာပဲ။ အလုပ်ထဲမှာလည်း သင်းသင်းတို့မြင်သားပဲ။ ခါတိုင်းထက်တောင် အချိန်ပိုပေးနိုင်ခဲ့တာပဲလေ"

"အဲဒါ ဆရာ့ကို ဆရာ ပြင်းပြင်းထန်ထန် ကုစားနေတာ မဟုတ်ဘူးလား"

သူရယ်သည်။ နီမြန်းသော အပြုံး။

"ဆောက်တည်ရာမရ မဖြစ်အောင် ဆရာ ဘယ်လောက် ကြိုးစားနေရတယ်ဆိုတာ သင်းသင်းတို့ နားလည်ပါတယ်"

"ကျွန်တော့်ကိုယ် ကျွန်တော်တော့ နေရိုးနေစဉ်ပဲလို့ အောက်မေ့တာပဲ"

သင်းသင်း ပြုံး၏။

mgyoe.com

mgyoe.com

"ကွဲသွားတဲ့အိုးကို တစ်စတစ်မှုန်မကျန်အောင် ပြန်ဆက်ထားလို့ နဂိုပုံစံ ပြန်ဖြစ်သွားပေမဲ့ ဆက်ကြောင်းအစင်းကို မြင်နေရသလိုပေါ့ ဆရာ"

ကိုယ့်ကိုယ်ကိုယ် ပကတိအတိုင်းမြင်ရသကဲ့သို့ ဖြစ်သွားသည်။ မခံစားရပါဘူးဟု ဖုံးကွယ်ပြောလျှင် ဆရာညာတာပါဟု မပြောချင်သာ မပြောမည်။ ယုံမည် မဟုတ်။ ထို့ပြင် ပြင်းထန်သော ဝေဒနာကိုယုံတမ်း အငြင်းဖြင့် ဝှက်သည်ဟု သင်းသင်း ယူဆသွားစရာသာရှိသည်။ ထို့ကြောင့်...

"အဲဒီ ဥပမာ မဆိုးဘူး။ မှန်ထဲ ကြည့်ရသလိုပဲ"

"တစ်ခါတလေ ပြဿနာစတဲ့နေ့က သင်းသင်းနဲ့ ကိုစံတင်နဲ့ ဆေးရုံကို ချက်ချင်းပြေးလာပြီး သတင်းမေးမိတာ ပြန်တွေးပြီး အားနာတယ် ဆရာ။ နောက်ပြီးတော့... အိမ်ရှေ့ပူ အိမ့်နောက် မချမ်းသာ ဆိုတာမျိုးပဲ။ ဆရာ့ကို သတင်းမေးလည်း မကောင်း၊ မမေးလည်း မကောင်း။ တော်တော် အနေကျပ်စရာကြီးပဲလေ"

ချိုနှင်းရည် ဆေးရုံမှ မဆင်းမီ လေးငါးရက်အလိုတွင်ဟု ထင်၏။ ကိုစံတင်နှင့် သင်းသင်းတို့က သူ့ကိုပြောသည်။ မိသားစုကဲ့သို့ သဘောထားရန်၊ ညီအစ်ကိုမောင်နှမတွေကဲ့သို့ ဆိုးတိုင်ပင် ကောင်းတိုင်ပင် သဘောထားရန် ပြောကြသည်။ သဘောပေါက်ခဲ့သည်။ ချိုနှင်းရည်နှင့် စပ်လျဉ်း၍ သူတို့မေးမြန်းပြောဆိုရာတွင် အခက်အခဲ ရှိနေသည်။

မေးခြင်းဖြင့် စိတ်အနှောင့်အယှက်ဖြစ်မည်စိုးပုံရ၏။ စပ်စုသည်ဟု အထင်ရောက်မည်ကိုလည်း စိုးရိမ်ကြပုံ ရ၏။ လေးနက်သော ဆက်ဆံရေးမျိုးမရှိလျှင် အမေးရ၊ အဖြေရ၊ အပြောရ၊ အဆိုရခက်စေသည့်ကိစ္စ။ မိသားစုဆက်ဆံရေး သဘောသို့ရအောင် ဦးစွာ တည်ဆောက်ပြီးမှ စကားဟ၍ သင့်လျော်သောကိစ္စ။

"သင်းသင်းကိုရော ကိုစံတင်ကိုရော ကျွန်တော် သိပ်ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို နားလည်ကြတာ ကျွန်တော် သိပါတယ်"

သင်းသင်းပြုံး၏။

"ဆရာ မမနှင်းကို အရင်ကလောက်တော့ စိတ်နာမယ် မထင်ပါဘူး"

သူ ခေါင်းခါသည်။

"မလျော့ချင် မလျော့ပါဘူး၊ ပိုလာဖို့သာ များပါတယ်"

"အနည်ကျလာတဲ့သဘောကို ပြောတာပါ။ ဖြစ်စကတော့ လတ်တလောကိုး။ ခုဆို သုံးနှစ်သာသာပဲ ရှိတော့မယ်လေ"

mgyoe.com

mgyoe.com


"ရေတိုက်စားဖန် များလာတဲ့အခါ ချောင်းကနေ မြစ်ကြီးဖြစ်လာရသလိုပါပဲ သင်းသင်း"

"တော်တော် တိုတောင်းနေသေးတဲ့ အချိန်အတွင်းမှာတော့ ဆရာ ဒီလိုပဲ ဖြစ်နေဦးမှာပါပဲလေ"

ပြောပုံ ပြောဟန်ကြောင့် သူရယ်လိုက်၏။

"တစ်သက်တာလောက်ပဲ စိတ်နာမှာပါ"

သင်းသင်းသည် မဟုတ်သေးပါဘူး ဆရာရယ်ဟု ခပ်တိုးတိုးပြောပြီး သက်ပြင်းချသည်။

*

"မိမိ... စာမေးပွဲ အောင်ပါ့မလား"

ဒေါက်တာမြင့်သိန်းဇော်က စသော လေသံဖြင့် မေးသည်။ သမီးငယ်သည် အရုပ်အတွက် အင်္ကျီစ ညှပ်နေရာမှ...

"ပထမရဲ့ ပထမတောင် သမီး ရဦးမယ်"

ဖြေပုံကြောင့် ဒေါက်တာမြင့်သိန်းဇော် ပါးစပ်ဟသွား၏။

"ညည်းပြောတဲ့စကားကို ဦးဦးမျက်စိတောင် လည်ချင်သွားပြီ။ ဘာလဲ ပထမရဲ့ ပထမ"

မိမိသည် ရယ်ကျဲကျဲ မျက်နှာနှင့် ဖခင်ထံသို့ တစ်ချက်လှမ်းကြည့်ပြီး ပြုံး၏။ မြိုင်က

"ဟုတ်သားပဲ၊ ပထမဆိုလည်း ပထမ၊ ဒုတိယဆိုလည်း ဒုတိယ၊ ခုတော့ မိမိက ပထမရပြီးရင် ဘယ်က ပထမရစရာ ရှိသေးလို့လဲ"

မိမိသည် ပါးချိုင့်ပေါ်စွာ ပြုံးသည်။ ထို့နောက်

"သမီးတို့ ဒုတိယတန်းမှာ ကကြီးခန်းကနေ စလုံးခန်းအထိ ခြောက်ခန်းရှိတယ်။ အခန်းတိုင်းမှာ ပထမရတဲ့သူတွေထက် သမီးက အမှတ်ပိုရလို့ ပထမထပ်ရမှာကို ပြောတာလေ။ အဲဒါ ပထမရဲ့ ပထမပေါ့ ဦးဦးရဲ့"

ဒေါက်တာမြင့်သိန်းဇော် သဘောကျကာ တဟားဟား ရယ်နေ၏။ မင်းသမီးက တကယ်ကတ်သီးကတ်သတ်ပြောတတ်ပါ့ကွာဟု သူ့ဘက်သို့လှည့်ပြီး ပြော၏။ သူနှင့်မြိုင်တို့ ရယ်နေကြသည်။ လွင်လွင်က...

mgyoe.com

"ကြွားမနေနဲ့ တော်ကြာ ဘိတ်ဆုံးရဲ့ ဘိတ်ဆုံး ဖြစ်နေမှ လှနေဦးမယ်"

"မမနဲ့ လောင်းမယ်လေ"

"လောင်းလေ၊ ဘာကြေးလဲ"

"လက်သည်းနီပုလင်း ဝယ်ပေးကြေးလေ"

"အေး... လောင်းမယ်"

"မမနော်... မမရှုံးရင် ကကြိကကြောင် မလုပ်နဲ့"

ဘန်းစကားစွက်ပြီး ပြောတတ်ခြင်းကြောင့် သူရယ်လိုက်၏။ လွင်လွင်က စိတ်ချပါ။ မိမိသာ ပထမရဲ့ ပထမ ရပါစေဟု ပြော၏။ အိုး... စောင့်ကြည့်ဟု မိမိ ပြောသည်။ သမီးနှစ်ယောက် ပြောဟန်ဆိုဟန် စကားတွေကြောင့် မြိုင်နှင့် ဒေါက်တာ မြင့်သိန်းဇော်တို့ ပြုံးရယ်ကြသည်။

*

သမီးတို့ ပြန်မလာကြသေးဘူးလား ဒေါ်နန်းဟု သူလှမ်းမေး၏။ ဒေါ်နန်းသည် သင်ဖြူးဖျာအနားကို ပိတ်နီဖြင့် ကွပ်နေရာမှ မော့ကြည့်ကာ...

"တူဝရီးသုံးယောက်စလုံးကို သင်းသင်းတို့အိမ်က ဆွဲထားကြပြီနဲ့တူတယ်။ ဒီနေ့က မိမို့နေ့လေ။ စာမေးပွဲအောင်တော့ အစ်မနဲ့ အဒေါ်ကို ဘယ်အိမ်သွားမယ် လိုက်ပို့၊ ဘာဝယ်ပေး ညာဝယ်ပေးနဲ့။ နေ့လယ်က တစ်ခေါက်ပြန်လာကြတယ်။ လွင်လွင်က လက်သည်းနီပုလင်း ဝယ်ပေးလိုက်ရပြီလေ။ ဇကေ္တ ညစာစားပြီးမှ ပြန်လာ ကြမှာနဲ့တူတယ်"

တစ်မိုက်သာသာမြင့်သော ထိုင်ခုံကိုဆွဲကာ မီးဖိုဆောင်ထဲတွင် သူထိုင်သည်။

"ဦးမြင့်မောင်ရော..."

"သူ့ မြေးငယ်က မနက်ဖြန်မနက်ကျရင် အုန်းနို့ခေါက်ဆွဲ ချက်ပါဆိုလို့ ဈေး သွားရတယ်လေ"

"ဒေါ်နန်းတို့ကလည်း ကလေးက ခုဆိုခု"

"စာမေးပွဲ အောင်လာတဲ့သူကို ဒီလောက်တော့ အလိုလိုက်ရမှာပေါ့။ သူပြောတဲ့ အတိုင်း ပထမရဲ့ ပထမနဲ့ အောင်တာပဲ။ သူပြောသလို လုပ်မပေးရင် စိတ်ငယ်မယ်"

သူနှုတ်ဆွံ့သွား၏။ ဒေါ်နန်းသည် အပ်ကို အပ်ချည်လုံးတွင်စိုက်ပြီး...

"လွင်လွင်က ပြောရင် သဘောပေါက်တယ်။ မိမိက ငယ်သေးတယ်လေ။

mgyoe.com

mgyoe.com

သူ့ စိတ်တိုင်းကျ လိုက်လုပ်မပေးရင် ဝမ်းနည်းမယ်။ မအေမရှိလို့၊ ဘာလို့ဆိုပြီး အားငယ်မှာလည်း စိုးရသေးတယ် ဆရာ"

ဒေါ်နန်းသည် ချိုနှင်းရည်နှင့် ပတ်သက်သော စကားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ.... ပြောဆိုသည့်အခါတိုင်း သူ့ မျက်နှာရိပ်ကို မပြတ်ကြည့်ကာ ပြော တတ်သည်။ ဒေါ်နန်းသည် ဆက်၍ပြော၏။

"နောက် တစ်နှစ်နှစ်နှစ်လောက်ဆိုရင် နားလည်လာမှာပါ"

သူ ခေါင်းညိတ်သည်။

"ဒါထက်... ကလေးတွေမအေလည်း မလာတာ အတော်ကြာသွားပြီနော်။ ကျန်ခဲ့တဲ့ မိုးတွင်းတုန်းကပဲ တစ်ခေါက်ရောက်တယ်..."

ဒေါ်နန်းသည် မျက်နှာ ခပ်လွှဲလွှဲထားပြီးပြော၏။

"သူ ကျောင်းလည်းပြန်တက်၊ အလုပ်လည်းဝင်နေတော့ မလာအားတော့ဘူး လေ။ ကောင်းပါတယ်... နို့မဟုတ်ရင် ကလေးတွေကို ခဏခဏ လာတွေ့နေဦးမှာ"

"မနေ့ညက ထင်တယ်။ မီမီပြောတယ် ဆရာ။ မေမေကလည်း ဘာလို့ မလာ သလဲ မသိဘူးတဲ့။ ရထားစီးလာလာ၊ လေယာဉ်ပျံစီးလာလာ ခဏကလေးနဲ့ လာလို့ ရတဲ့ဥစ္စာတဲ့။ မလာတာကြာလို့ အောက်မေ့နေတယ်နဲ့ တူပါတယ် ဆရာ"

ယခုမှ ဖျတ်ခနဲ သတိတစ်ချက်ပြုမိသည်။ သမီးတို့သည် မအေကို တွေ့ချင် သောစကား၊ မအေနှင့် စပ်လျဉ်းရာ စကားတွေကို သူ့ရှေ့တွင် ပြောခဲ့သလောက် ကွယ်ရာတွင် ပြောသည်။ မြိုင်၊ ဒေါ်နန်း၊ ဦးမြင့်မောင်နှင့် သင်းသင်းတို့ကို ပြောသည်။ ဒေါက်တာမြင့်သိန်းဇော်ကိုပင်လျှင် ပြောသည်။ သူ့ကို အပြောမရှိနီးနီး။

သမီးကြီးက အဖေသဘောကျမှာ မဟုတ်ဟု ရိပ်မိ၍မပြောသည်ထားဦး။ သမီး ငယ်ကပါ မိခင်နှင့် ပတ်သက်၍ အပြောအဆို အမေးအမြန်းမရှိ။ သမီးကြီးသည် ညီမဖြစ်သူကို ကျိတ်၍ သင်ပေးခဲ့သလား မဆိုနိုင်။ ဖေဖေ့ရှေ့မှာ မေမေ့အကြောင်း မမေးနဲ့ မပြောနဲ့ဟု စကားသွင်းထားခဲ့လေသလား။ မေမေ့အကြောင်းပြောတာကို ဖေဖေ မကြိုက်ဘူး။ ညီမလေးကို ဆူလိမ့်မာန်လိမ့်မယ်ဟု တားမြစ်ပြောဆိုထားခဲ့လေ သလားမသိ။ သမီးတို့၏ နှုတ်ခမ်းသည် သူ့ရှေ့တွင် သတိဖြင့် ကျုံ့နေခဲ့ရပြီဟု သတိပြုမိလိုက်သည်။

"ကျွန်တော့်ကိုတော့ တစ်ခါမျှမပြောဘူး ဒေါ်နန်း"

ဒေါ်နန်း မပွင့်တပွင့်ပြုံး၏။

mgyoe.com

mgyoe.com

"ဆရာ့ရှေ့မှာ ဘယ်ပြောပါ့မလဲ ဆရာရယ်။ ဆရာမှတ်မိမလား မသိဘူး။ မနှစ်က ခရစ္စမတ်ပွဲတော် မတိုင်မီက ပို့စကတ်တစ်ခု ဝယ်ပေးပါလို့ မိမိ ပူဆာတာ"

သူ ခေါင်းညိတ်သည်။

"မေမေ့ကို ပေးချင်လို့ ခရစ္စမတ်လက်ဆောင်လို့ မိမိ ပြောတာကော"

ခေါင်းညိတ်လိုက်သည်။ ဝယ်မပေးနဲ့ဖေဖေ၊ သမီး ဝယ်ထားတာ လေးငါးခု ရှိတယ်။ ညီမလေး မမဆီကယူနော်၊ ဖေဖေ့ကို မဝယ်ခိုင်းနဲ့တော့ဟု ပြောသည်ကိုလည်း မှတ်မိသည်။

"လွင်လွင်က သူ့ဆီက ပို့စကတ်ပေးပြီးတော့ မိမိကို ဆူတယ်။ ဖေဖေရှေ့မှာ မေမေ့အကြောင်း ပြောရင် နောက်တစ်ခါဆို မမရိုက်မယ်လို့။ မိမိက စကားတတ် မဟုတ်လား။ ဘာဖြစ်လို့လဲလို့ မေးတော့ ဖေဖေ စိတ်ဆင်းရဲမယ်တဲ့။ လွင်လွင်က ဖြေတာလေ။ အဲဒီတင် ဆရာ့ရှေ့ဆို မိမိက မအေ့အကြောင်း စကားဟမှ မဟတာ"

ရင်ထဲတွင် စူးနစ်နာကျင်သွားသည်။ သမီးတို့၏ မှန်းဆနားလည်မှုရှိခြင်းသည် ကြည်တော့ ကြည်နူးရ၏။ ကြင်နာမှု အမျိုးအစားတစ်ခု။ သို့သော် သမီးတွေဘက်မှ နေကြည့်သောအခါ အနေကျဉ်းကျပ်သည်ကို မြင်လေ၏။

"မအေ့ဆီကို သမီးကြီးနဲ့ သမီးငယ်က စာရေးကြမယ်ပြောတယ်။ မိမိစာမေးပွဲအောင်တဲ့သတင်း။ ကနေ့များ စာထည့်ဖြစ်သလား မသိဘူး"

သက်ပြင်းချသည်။ သမီးနှင့်မအေ၏ကြားတွင် ဝမ်းမြောက်ဝမ်းသာစရာ သတင်းသည် စာတစ်တန် ပေတစ်တန်ဖြင့် ကူးသန်းဆက်သွယ်ရသည့်အနေ။ အမှန် စင်စစ် မလိုလားအပ်သော အကွာအဝေး။ မိခင်ရင်ခွင်သို့ ပြေးဝင်ရင်း ပြောရမည့် စကားမျိုး။ ဦးနှောက်ကင်းစွာ ထွက်ခွာသွားသူကြောင့် ဖြစ်လာရသော အကွာအဝေး။

❑

mgyoe.com

mgyoe.com

[၂၁]

ကလေးတွေ ကျောင်းမဖွင့်ခင် မမနှင်း အလည်လာမယ်ဆိုဟု သင်းသင်းက မေးသည်။ ကျွန်တော် မသိသေးဘူးဟု သူဖြေသည်။ မြိုင် မနေ့ကပြောတယ် ဆရာဟု သင်းသင်း ပြောသည်။ ထိုအခိုက် ရုံးခန်းထဲသို့ ငွေစာရင်းအရာရှိ ဝင်လာသည်။ သူ လက်မှတ်ထိုးကာ မှတ်ချက်ရေးလိုက်၏။ ငွေစာရင်းအရာရှိ အမျိုးသား ပြန်ထွက်သွားတော့မှ...

"မြိုင်က ပြောတယ် ဆရာ"

ဖိုင်တွဲထဲသို့ စာရွက်တွေထည့်ရင်း သူ လှမ်းကြည့်၏။

"မမနှင်းက သုံးလေးရက် နေမယ်ဆိုတော့ သင်းသင်းတို့အိမ်မှာ တည်းပါရစေ ဟဲ့။ ဆရာ ဘယ်လိုသဘောရသလဲဟင်..."

အံ့သြသွားသည်။

"မြိုင်... ကျွန်တော့်ကို ဘာမှမပြောဘူး သင်းသင်း"

"သင်းသင်းဆီက အဖြေရပြီးမှ ဆရာ့ကို ပြောဖို့ကြံတယ်နဲ့ တူပါတယ်"

ဖြစ်နိုင်သည်။ ဖိုင်တွဲကိုပြန်တင်လိုက်ပြီး ကုလားထိုင်တွင် ကျောမှီလိုက်၏။ ထိုစဉ် သင်းသင်းပြောသည်။

mgyoe.com

mgyoe.com

"ဆရာ့သဘောကို မသိဘဲနဲ့ သင်းသင်းအဒေါ်က မြိုင့်ကို စကားပြန်ဖို့ခက်တယ်။ ဆရာငြိုငြင်မှာကိုလည်း ဒေါ်လေးစိုးတယ်။ မြိုင့်ကိုလည်း အားနာတယ်။ မမနှင်းနဲ့ကလည်း အရင်က သိကျွမ်းထားဖူးတော့ အားနာတယ်။ သင်းသင်းကို မေးခိုင်းလို့ မေးတာပါ ဆရာ"

ဖောင်တိန်ကို ရုပ်အင်္ကျီတွင် ပြန်ချိတ်ပြီးတွေနေ၏။ စဉ်းစားသည်။ သမီးတို့နှင့် လာတွေ့ပါရစေဟု ခွင့်တောင်းသည်ကို သိရတိုင်း မအီမလည်ဖြစ်ရသည်။ မနှစ်မြို့စွာ ခွင့်ပြုရမှန်း ကိုယ့်ကိုယ်ကိုယ် သိသည်။ ငါ့ပတ်ဝန်းကျင်ကို သူ... လာလာနေသမျှ အရှက်မပြတ်အောင် လာဆက်ပေးနေသလိုပါပဲဟု အောက်မေ့သည်။ အဲဒီအမျိုးသမီးပေါ့ ချိုနှင်းရည်ဆိုတာ။ ကိုမင်းလှိုင် အမျိုးသမီးလေ။ လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက်တုန်းက ကိုဝေလင်းဆိုတဲ့သူနဲ့ ဟော်ပျက်ကုန်းပေါ်မှာ...။ စကားတွေကို ပြန်နှိုးရာကျမည့် သူ့အလာ။ ချိုနှင်းရည်ဟူသော အမည်၊ ချိုနှင်းရည်၏ အဖြစ်အပျက်ကို ပြောကြလျှင် သူ့အမည်သည် ခွင်းချက်ထား၍ မရရာအမည်။ အညှီကိုထုပ်သောဖက်၌ အညှီနံ့ ရတ်တရက် မပြယ်သကဲ့သို့ ရှိမည်ဟုတွေး၏။ ရင်ထဲတွင် ညစ်ညစ်နောက်နောက် ဖြစ်လာသည်။ သမီးတို့၏ စိတ်ချမ်းသာမှုကို ငဲ့ကွက်ရဦးမည်ဟူသော အသိက ဝင်းအိမ်တံခါးကို မပိတ်သာစေတော့။

"ကျွန်တော့်ဘဝတစ်ခုလုံးမှာ ချိုနှင်းရည်ဟာ ဒီလိုပဲ အနှောင့်အယှက် ဖြစ်နေတော့မှာပဲထင်တယ် သင်းသင်း"

သင်းသင်း မရှင်မပျ ပြုံး၏။

"ကလေးတွေရှိသေးတယ်လေ ဆရာ"

"အဲဒါကို တွက်ခဲ့လို့လည်း သမီးတွေနဲ့ တွေ့ခွင့် ကျွန်တော်ပေးခဲ့တာပဲ။ ကျွန်တော့်နေရာမှာ တခြားသူဆို မလွယ်ပါဘူး။ သူသာဆိုဦး... ခဲယဉ်းပါတယ်"

"ကလေးတွေအတွက် ဆရာစဉ်းစားခဲ့တဲ့ လက်စနဲ့ စဉ်းစားပေါ့ ဆရာ"

"ကျွန်တော်အိမ်မှာ မရှိတဲ့အခိုက် သမီးတို့နဲ့ လာတွေ့တယ်။ စကားစမြည်ပြောတယ်။ လာပြီးပြန်သွားတယ်။ ခုကိစ္စက ဒီမြို့မှာ နှစ်ရက်သုံးရက်နေမယ့်ကိစ္စ။ သူ ကလေးတွေနဲ့ လာတွေ့တော့မယ်လို့ အကြောင်းကြားသံ ကြားရရင် ကျွန်တော် မပျော်ဘူး ဖြစ်ဖြစ်သွားတယ်။ လငပုပ်ဖမ်းသလိုပဲ"

သင်းသင်းသည် သူ့ကိုမျက်တောင်မခတ် ကြည့်နေ၏။ သက်ပြင်းတစ်ချက် ချသည်။

mgyoe.com

mgyoe.com


"ဆရာ့နေရာကနေ သင်းသင်းဝင်ပြီး ခံစားကြည့်ပါတယ် ဆရာ။ သင်းသင်း နားလည်ပါတယ်။ ဆရာ့ပတ်ဝန်းကျင်ကို မမနှင်းရောက်လာတိုင်း ဆရာစိတ်အနှောင့်အယှက် ဖြစ်ခဲ့တာ သင်းသင်း သိပါတယ်။ ဒါပေမဲ့... ဆရာရယ်..." စကားစခဏာဖြတ်သည်။

"လွင်လွင်တို့ကလည်း မအေကို သိပ်တွေ့ချင်နေကြတာ"

မျက်နှာကြက်ရှိ ဖြည်းဖြည်းလည်နေသော ပန်ကာရွက်တွေကို သူမော့ကြည့်နေသည်။

"ဆရာ့အစား သင်းသင်းတကယ် ရင်မောပါတယ်"

စိတ်ညစ်ပြုံးပြုံးလိုက်၏။ ပန်ကာမှလေသည် စိမ့်ထွက်လာသော ချွေးတွေကြောင့်လားမသိ။ ချွေးမသိပ်။ ပို၍ပင် အိုက်စပ်စပ်။

*

ညီမလေးလိုချင်ရင် လက်ကိုင်ပဝါတွေ အကုန်ယူလေဟု ပြောသံ ကြားရသည်။ အိပ်ခန်းထဲသို့ ဝင်လိုက်သောအခါ အမျိုးသမီးကိုင် လက်ကိုင်ပဝါတွေ၊ လှပသော စက္ကူဘူးတွင် ခေါက်လျက်သား။ ကစားစရာ အရုပ်ဘူးတွေ၊ အဝတ်စတွေ၊ ဓာတ်ပုံစာအုပ်၊ ခဲတံရောင်စုံ၊ ရေဆေးသံဘူး၊ ပုံပြင်စာအုပ် သုံးလေးအုပ်။ ပစ္စည်းတွေနှင့်အတူ ထိုင်နေသူ ညီအစ်မနှစ်ယောက်သည် ဖခင်ကို မော့ကြည့်ကာ ပြုံး၏။ မိမိက ဝမ်းသာအားရ မျက်နှာဖြင့်...

"မေမေ ဝယ်လာတာတွေလေ ဖေဖေ"

တိုက်ပုံအင်္ကျီချွတ်နေ၍ သူမမြင်ဟုထင်ကာ လွင်လွင်က မိမိကို မျက်မှောင်တစ်ချက် ကြုတ်ပြသည်။ မိမိ သတိရသွားဟန်တူ၏။ စကားမဆက်။ လွင်လွင့်အမူအရာကို သူလှမ်းမြင်မှန်း လွင်လွင် သိသွားသည်။ အိုးတိုးအမ်းတမ်း ဖြစ်သွား၏။

"ဟုတ်လား"

မိမိ နားလည်မှုမလွဲအောင် စကားအသိအမှတ်ပြုရာဟုတ်လား တစ်ခွန်းပြောရ၏။ လွင်လွင်၏ တစ်စုံတစ်ရာ စိုးရိမ်သော မျက်နှာမှာ နေသာထိုင်သာရှိသွား၏။ ဖေဖေက မဆူပါလား။ ငါ့ရှေ့မှာ နင်တို့အမေအကြောင်း မပြောနဲ့ဟု တားမည်လားကြောင့်ကြခဲ့သည်။

"မေမေက ဒေါ်လေးသင်းသင်းတို့အိမ်မှာ ခဏနေတယ်။ သန်ဘက်ခါ ပြန်မယ်

mgyoe.com